စိတ်ကူးချိုချိုအနုပညာ

မြတ်ငြိမ်း

# အနှစ်ပြည့်အောင်မြင်မှု တည်ဆောက်ရေး

စီးပွားရေးအောင်မြင်ပြီး
ဘဝမရှုံးအောင်
ထိန်းသိမ်းကျင့်ကြံနည်းများ၊

## THE HEART OF SUCCESS

ROB PARSONS



ဒုတိယအကြိမ်

mgyoe.com


အောင်မြင်မှု၏ အဓိပ္ပာယ်ကို တွေးတောကြံဆထားသည့် စာအုပ်ဖြစ်ပါသည်။ သူ၏ ဦးတည်ချက်မှာ ဘဝမရှုံးဘဲ လုပ်ငန်းအောင်မြင်ရေးဖြစ်သည်။ လုပ်ငန်းအောင်မြင်မှုရော ဘဝအောင်မြင်မှုပါ တစ်ပြိုင်တည်းထူထောင်ရေး အတွက် လိုက်နာကျင့်သုံးရမည့် ကျင့်စဉ် ၇ ချက်ကို ဖော်ပြထားသည်။

# မြတ်ငြိမ်း

## အနှစ်ပြည့်အောင်မြင်မှု တည်ဆောက်ရေး

စီးပွားရေးအောင်မြင်ပြီး
ဘဝမရှုံးအောင်
ထိန်းသိမ်းကျင့်ကြံနည်းများ

**THE HEART OF SUCCESS**
**ROB PARSONS**



MN0023
2,300.00 KS

အနှစ်ပြည့်အောင်မြင်မှုတည်ဆောက်ရေး မြတ်ငြိမ်း
mgyoe.com
စာမျက်နှာ ၁၃၂++ မျက်နှာ၊ ၁၆ စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဝိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၅ ဆွေမွန်စာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skcph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အနှစ်ပြည့်အောင်မြင်မှု တည်ဆောက်ရေး

# THE HEART OF SUCCESS

## Rob Parsons

မြတ်ငြိမ်း

ပြန်မာပြန်

[illegible] ၂၀၀၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အနှစ်ပြည့်အောင်မြင်မှု တည်ဆောက်ရေး

[စီးပွားရေးအောင်မြင်ပြီး ဘဝမရှုံးအောင် ထိန်းသိမ်းကျင့်ကြံနည်းများ]

**THE HEART OF SUCCESS**

*by*

**ROB PARSONS**

မြတ်ငြိမ်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


- မြန်မာပြန်သူ၏အမှာ က
- ပါမောက္ခကြီးနှင့် ဆုံစည်းခြင်း င

ဥပဒေသ နံပါတ်တစ်
– ငွေချမ်းသာပြီး အချိန်ဆင်းရဲသည့်ဘဝဖြင့် မရောင့်ရဲပါနှင့် ၁

ဥပဒေသ နံပါတ်နှစ်
– သင်လုပ်ဆောင်သောအလုပ်က ထူးခြားမှုတစ်ခု ဖြစ်စေသည်ဟု ယုံကြည်ထားပါ ၂၅

ဥပဒေသ နံပါတ်သုံး
– သင့်စွမ်းရည်နှင့် ကိုက်ညီသည့် အလုပ်ကိုလုပ်သင့် ဇ ကို ဖော်ထုတ် ၅၀


mgyoe.com

mgyoe.com

ဥပဒေသ နံပါတ်လေး
– စိတ်ကူးယဉ်အိပ်မက်များ၏ စွမ်းအားကို ယုံကြည်ပါ ၇၀

ဥပဒေသ နံပါတ်ငါး
– သင့်ဝမ်းကျောင်းလုပ်ငန်းထက် သင့်မိသားစုကို ဦးစားပေးပါ ၁၁၃

ဥပဒေသ နံပါတ်ခြောက်
– သာမန်လူများနှင့် ဝင်ဆံ့အောင် ပေါင်းသင်းပါ ၁၅၀

ဥပဒေသ နံပါတ်ခုနစ် ၁၇၂
– အောင်မြင်ရုံဖြင့် မရောင့်ရဲနှင့်၊
ထူးခြားမှုရအောင် ဖန်တီး၊
အနှစ်သာရပြည့်အောင် ကြိုးပမ်း

mgyoe.com

mgyoe.com

# မြန်မာပြန်သူ၏အမှာ

အောင်မြင်ရေး၊ အောင်မြင်ရေး၊ အောင်မြင်ရေး။

ကျွန်တော်တို့တစ်တွေ အောင်မြင်မှုကို အာသာငမ်းငမ်း တောင့်တကြ၏။ အောင်မြင်မှုနောက်သို့ တကောက်ကောက် လိုက်ကြ၏။ သို့ဖြစ်စေကာမူ အောင်မြင်မှု၏ အဓိပ္ပာယ် အစစ်အမှန်ကို နက်နက်နဲနဲ စဉ်းစားချင့်ချိန်သူ တော့ တော်တော်နည်းမည် ထင်ပါသည်။

သည်တော့ အောင်မြင်မှု၏ စစ်မှန်သော အဓိပ္ပာယ်က ဘာလဲ။

ငွေတွေ အလျှံပယ် ချမ်းသာကြွယ်ဝခြင်းလား။ ပညာတွေ လျှမ်းလျှမ်းတောက် တတ်မြောက်ခြင်းလား။ တန်ခိုးအာဏာ ကြီးမားခြင်းလား။ နာမည်ကျော်ကြား လူသိများခြင်းလား။ စေတနာ လုပ်ငန်းများကို စွမ်းစွမ်းတမံ လုပ်ဆောင်ခြင်းလား။

တကယ်တော့ "ဆင်ဆိုသည်မှာကား..." ဆိုပြီး ဆင်ကို စမ်းကြည့်ပြီး အဓိပ္ပာယ်ဖွင့်သည့် မျက်မမြင်ပုဏ္ဏား

mgyoe.com

mgyoe.com



ခြောက်ယောက်၏ အဖြေများလို ဖြစ်နေပါလိမ့်မည်။ လူ့ဘုံခန်းဝါဝွင် လူအမျိုးမျိုး စိတ်အထွေထွေရှိသည်ဖြစ်ရာ ခံယူချက်အမျိုးမျိုး၊ အဓိပ္ပာယ်ဖွင့်ပုံ အထွေထွေရှိမှာ သေချာပါသည်။

ယခု ဤစာအုပ် The Heart of Success by Rob Parsons သည်လည်း အောင်မြင်မှု၏ အဓိပ္ပာယ်ကို တွေးတောကြံဆထားသည့် စာအုပ်တစ်အုပ် ဖြစ်၏။ သို့သော် သူ ခေါင်းပေးထားသည်မှာ "ဘဝမရှုံးဘဲ လုပ်ငန်းအောင်မြင်ရေး" ဖြစ်၏။ ကျွန်တော်တို့ စိတ်အားထက်သန်တာတွေကို ဘယ်လောက်ပဲလုပ်လုပ်၊ ကိုယ့်ဘဝနှင့် ဟန်ချက်ညီအောင် ထိန်းလုပ်ဖို့ ဤစာအုပ်က အဓိကထား တိုက်တွန်းပါသည်။ ဥပမာ ငွေနောက် တကောက်ကောက် လိုက်ရလွန်းသည့်အတွက် ကိုယ့်မိသားစုနှင့် စိတ်အေးချမ်းသာမနေနိုင်သည့် အဖြစ်မျိုး။ ငွေတွေ ကျိကျိတက် ချမ်းသာသော်လည်း စိတ်ပျော်ရွှင်မှုအတွက် ၎င်းငွေများကို သုံးဖို့ အချိန်မရှိခြင်းမျိုး။ ငယ်စဉ်က ဂစ်တာကို သဲကြီးမဲကြီး တီးခဲ့သော်လည်း ယခု အရာရှိကြီး ဖြစ်လာသောအခါ သီချင်းတစ်ပုဒ် ဆုံးအောင် နားမထောင်နိုင်သည့် အဖြစ်မျိုး။ ကိုယ့်ကို နှစ်သက်သဘောကျသည့် ပရိသတ် ထုနှင့်ထည်နှင့်ရှိသော်လည်း ကိုယ့်ရင်ထဲက ခံစားချက်ကလေးကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလို့ရသည့် မိတ်ရင်းဆွေရင်း မရှိခြင်းမျိုး။ တိုတိုဆိုရလျှင် "ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ" ဟန်ချက်မညီမှုများ ဖြစ်ပါသည်။

ဤစာအုပ်ကတော့ "လုပ်ငန်းအောင်မြင်မှုရော ဘဝအောင်မြင်မှုပါ တစ်ပြိုင်တည်း ထူထောင်ရေး" အတွက်

mgyoe.com

mgyoe.com



လိုက်နာကျင့်သုံးရမည့် ကျင့်စဉ် ခုနစ်သွယ်ကို ဖော်ပြထားပါသည်။ စာဖတ်သူသည် ပြောင်းလဲမှုကို လိုလားလက်ခံသူဖြစ်လျှင် ဤစာအုပ်ကို ဖတ်ကြည့်ပါ၊ ဝေဖန် သုံးသပ်ကြည့်ပါ၊ လိုက်နာကျင့်သုံးလောက်သည်ဟု အကဲဖြတ်လျှင် လိုက်နာကျင့်သုံးကြည့်ပါဟု တိုက်တွန်းလိုပါသည်။ အချိန်ကုန်၊ ငွေကုန်ရကျိုးနပ်မည်ဟု မျှော်လင့်ပါသည်။

စာချစ်သူများအား လေးစားလျက်...
မြတ်ငြိမ်း
၁၅-၂-၂၀၀၄

mgyoe.com

mgyoe.com



အောင်မြင်မှု၏အသက် ဆိုသော ခေါင်းစဉ်၏ နောက်ကွယ်ရှိ အခြေခံ သဘောထားများအကြောင်း ကမ္ဘာတစ်ဝန်းမှာ ပြုလုပ်သော ဆွေးနွေးဖလှယ်ပွဲများတွင် ကျွန်တော်ဟောပြောခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ်ကျော်ခဲ့ပြီ ဖြစ်၏။ ၎င်းနှီးနှော ဖလှယ်ပွဲများသို့ တက်ရောက်လာသည့် ပရိသတ်တွေထဲတွင် ဝမ်းကျောင်းလုပ်ငန်းတစ်ခု ထူထောင်မည့်သူများရော၊ ကုမ္ပဏီဝန်ထမ်းများပါ ပါဝင်၏။ ကျွန်တော်က သူတို့အား ပါမောက္ခ မာရေး၏ လုပ်ငန်းနှင့် ဘဝ အောင်မြင်ရေးဆိုင်ရာ ဥပဒေသ ခုနစ်ရပ်ကို မိတ်ဆက်ပေးခဲ့၏။

ဤစာအုပ်က ၎င်းဥပဒေသတစ်ခုချင်းအပေါ် ကျွန်တော့်အမြင်ကို သုံးသပ်ဖော်ပြခွင့် ပြုပါသည်။ သို့သော် ဤစာအုပ်ကို မစမီ သင့်ကို ပါမောက္ခ မာရေး ကိုယ်တိုင်နှင့် မိတ်ဆက်ပေးလိုပါသည်။ နောက်ပြီး အောက်သိုးသိုး အနံ့ထွက်နေသော စာကြည့်တိုက်ထဲတွင် ပါမောက္ခကြီးနှင့် မတော်တဆဆုံစည်းခွင့်ရပြီး ဘဝတစ်ဆစ်ချိုး ပြောင်းသွားသည့် စီးပွားရေးစီမံခန့်ခွဲမှု မဟာဝိဇ္ဇာ (အမ်၊ ဘီ၊ အေ) သင်တန်းသား တစ်ဦးနှင့်လည်း မိတ်ဆက်ပေးလိုပါသည်။

ထိုသို့ သူတို့နှစ်ဦးနှင့် မိတ်ဆက်ပေးနိုင်ဖို့အတွက် စာဖတ်သူအနေဖြင့် ကျွန်တော်နှင့်အတူ လွန်ခဲ့သော နှစ်ပေါင်း အစိတ်ကျော်ကျော်သို့ ပြန်လိုက်ခဲ့ရမည် ဖြစ်ပါသည်။

❐

mgyoe.com

mgyoe.com

## ပါမောက္ခကြီးနှင့် ဆုံစည်းခြင်း

အောက်တိုဘာလ ၈ ရက်၊ တနင်္လာနေ့၊ ည ၉း၄၅။

*ပါမောက္ခနှင့် စီးပွားရေးစီမံခန့်ခွဲမှု မဟာဝိဇ္ဇာ သင်တန်းသား တချို့က ပြောကြတယ်ဗျ။ ပါမောက္ခကြီး တွမ်မာရေးဟာ စီးပွားရေးတက္ကသိုလ် အဆောက်အအုံကြီး တည်ဆောက်ဖို့ အုတ်မြစ်ချ ကတည်းက ဒီကို ရောက်နေတာတဲ့လေ။ သေချာတာ တစ်ခုကတော့ သူ ဘယ်တုန်းကတော့ဖြင့် ဒီကျောင်းမှာ မရှိဘူး ဆိုတာကို ဘယ်သ ကောင့်သားမှ ရေရေရာရာ မပြောနိုင်တာပဲ။ အဲ...သူတို့ ပြောနိုင်တာ တစ်ခုပဲ ရှိတယ်။ အဲဒါကတော့ သူဟာ တော်တော်ကြီးကို ရွဲနေပြီ ဆိုတာပါပဲ။*

*သူက အမြဲတမ်း ဆံပင်အရှည်ကြီးထားလေ့ ရှိတယ်။ အဲဒီ ဆံပင် ရှည်ကြီးတွေက ၁၉၆၀ ပြည့်လွန်နှစ်တွေမှာ သင်တန်းတွေ ပျက်လုနီးပါး ဖြစ်ပေါ်ခဲ့တဲ့ ပုန်ကန်တော်လှန်ချင်စိတ်တွေရဲ့ လက္ခဏာ သင်္ကေတတွေ ပေါ့။ သူကတော့ အဲဒီဆံရှည်တွေကို ကနေ့အထိ ထိန်းသိမ်းထားတုန်း*

mgyoe.com

mgyoe.com



ပဲဗျ။ ဒါပေမဲ့ ဒီဆံပင်ရှည်တွေက နှင်းပွင့်လို ဖြူဖွေးနေပြီး သမ္မာကျမ်းစာဟောင်းထဲက တမန်တော်ကြီး ပုံစံ ပေါက်နေစေတာပေါ့ဗျာ။

ဆရာကြီးက သူမတူ တစ်မူခြားတဲ့ ပါမောက္ခကြီးဗျ။ နံပါတ်တစ်အချက်အနေနဲ့ ပြောရရင် သူဟာ ဘယ်တုန်းကမှ စာတစ်အုပ် မရေးခဲ့ဖူးဘူး။ တစ်နိုင်ငံလုံးမှာရှိတဲ့ စာအုပ်ထုတ်ဝေသူတိုင်းဟာ တွမ်မာရေးရဲ့ တံခါးပေါက်ကို ရောက်အောင် ရွေလမ်းငွေလမ်း ဖောက်ခဲ့ကြတာချည်းပဲ။ ဒါပေမဲ့ သူတို့အားလုံးကို ဆရာကြီးက အဖြေတစ်မျိုးပဲ ပေးခဲ့တယ်။ "ကျုပ်က စာသင်ရတာပဲ ဝါသနာပါတာဗျ။ တကယ်လို့ ကျုပ်က စာရေးတဲ့ဘက်ကို လိုက်နေရင် စာမသင်ဖြစ်တော့ဘူး။ ဒီတော့ စာသင်ရတာကို ကျုပ် လွှမ်းနေတော့မှာပေါ့ "တဲ့လေ။

ဒါပေမဲ့ တွမ်မာရေးဟာ ကျောင်းစာသင်တဲ့ ပါမောက္ခ တစ်ဦးသက်သက်လောက် မဟုတ်ပါဘူး။ စာအုပ်ထုတ်ဝေသူတွေရဲ့နောက်မှာ တန်းစီနေသူတွေ ရှိသေးသဗျ။ "ဖော်ကျွန်း" မဂ္ဂဇင်းက ရွေးထားတဲ့ ထိပ်တန်းကုမ္ပဏီ ၅၀၀ မှာ အလုပ်လုပ်နေတဲ့ အမှုဆောင် အရာရှိချုပ်တွေပေါ့ဗျာ။ "ကျွန်တော်တို့ ကြုံနေရတဲ့ ပြဿနာကလေးအတွက် ဆရာကြီးရဲ့ အကူအညီ နည်းနည်းပါးပါး" ကို သူတို့အားလုံး လိုချင်နေကြတာကလား။ သူတို့အားလုံးကိုတော့ ဆရာကြီးက "အိမ်း" လို့ ခေါင်းညိတ် အဖြေပေးတယ်လေ။ သူက ကုမ္ပဏီတွေနဲ့ ပတ်သက်နေရတာကို သဘောကျတယ်။ ဒီ့ထက်ပိုပြီး သဘောတွေ့တာက အဲဒီကုမ္ပဏီတွေမှာ အလုပ်လုပ်နေသူတွေနဲ့ ပတ်သက်ရတာကိုပဲ။

နောက်ပြီး သူ့မှာ ဇာတ်လမ်းတွေရှိသဗျ။ လူမသုံးတော့လို့ ခြောက်ကပ်ပြီး ဖုန်တက်နေတဲ့ စီးပွားရေးလုပ်ငန်း သီဝရီအကြောင်း ပြောပြတဲ့ ဇာတ်လမ်းမျိုးတွေလေ။ အဲ...ဆရာကြီးက အဲဒီသီဝရီတစ်ခုကို ကောက်ကိုင်မယ်၊ ထုတက်နေတဲ့ ဖုန်တွေကို ခါထုတ်သန့်စင်မယ်၊

mgyoe.com

mgyoe.com



နောက်ပြီး အဲဒီသီဝရီ အသက်ဝင်လာအောင် ဖန်တီးတယ် ဆိုတဲ့ ဇာတ်လမ်းတွေပေါ့။ နောက်ပြီး ဘယ်တော့မှ "မနစ်နိုင်ဘူး" ဆိုတဲ့ ကုမ္ပဏီတွေအကြောင်း။ အဲဒီလိုသာ လေလုံးမိုးလုံး ထွားနေတယ်။ နစ်ပြီပဲ့လည်းဆိုရော ကံဆိုးမိုးမှောင်ကျတဲ့ ကုန်သင်္ဘောကြီးတစ်စင်း ထက် မြန်မြန်ဆန်ဆန် မြုပ်သွားတဲ့ ကုမ္ပဏီတွေအကြောင်း ဇာတ်လမ်း တွေလည်း သူ့မှာ ရှိလေရဲ့။ နောက်ပြီး ဈေးကွက်တွေထဲကို ထိုးဖောက် ဝင်လာတဲ့ "မျှော်လင့်ချက်မရှိ"အတွေးအမြင်နဲ့ ပတ်သက်တဲ့ ဇာတ်လမ်း တွေ။ အဲဒီအတွေးအမြင်က ဈေးကွက်တွေထဲ ထိုးဖောက်ဝင်ရုံ မဟုတ် ဘူး။ အဲဒီဈေးကွက်မျိုးတွေ ဖြစ်ပေါ်လာအောင် ဖန်တီးခဲ့တယ်လေ။ အဲဒီဇာတ်လမ်းမျိုးတွေပေါ့ဗျာ။

ပြီးတော့ ပါမောက္ခကြီး မာရေးကို သူ့တပည့်တွေက တယ်ချစ်ကြ တာ ကလား။ သူတို့က သူ့ရဲ့ သင်ကြားပို့ချချက်တွေကို မြတ်နိုးတယ်။ သူ ပြောပြတဲ့ ဇာတ်လမ်းတွေကို နှစ်သက်တယ်။ ဒါပေမဲ့ သူ့ရဲ့ သင်ကြား ပို့ချချက်တွေထက် နောက်ပြီး သူပြောတဲ့ ဇာတ်လမ်းတွေထက်တောင် နှစ်သက်မြတ်နိုးတာကတော့ သူ့ကိုပါပဲ။ ဒါဟာဖြင့် ဖြစ်နိုင်ဖွယ် သိပ် မရှိဘူးလို့ ထင်ရတယ်။ အဖြစ်သည်းလွန်းတယ်လို့တောင် ထင်ရတယ်။ ဒါပေမဲ့ အဲဒီလိုဖြစ်ကြတာတော့ အမှန်ပါပဲ။ မောင်မယ်သစ်လွင် ဘဝ တွေတုန်းက ဆရာကြီး အတန်းမှာ တက်ခဲ့ပြီး ဒီကနေ့ မဟာကော်ပို ရေးရှင်းကြီးတွေကို ဦးစီးဦးဆောင် လုပ်နေကြတဲ့ အမျိုးသားတွေ၊ အမျိုး သမီးတွေရဲ့ စာတွေ ခုထိ ဆရာကြီးဆီမှာ ရှိနေလေရဲ့။ သူတို့က မကြာ ခဏဆိုသလို ဆရာကြီးကို သူတို့ ဘဝဇာတ်လမ်းတွေ ပြောပြတတ်ကြ တယ်။ သူတို့အကြောင်း၊ သူတို့ရဲ့ ကလေးတွေအကြောင်း၊ သူတို့ရဲ့ အိမ်ထောင်ရေးတွေအကြောင်း၊ ဒါမှမဟုတ် သူတို့ရဲ့ အိမ်ထောင်ရေး အကွဲအပြဲတွေ အကြောင်း၊ သူတို့ရဲ့ မျှော်လင့်ချက်တွေ၊ သူတို့ရဲ့

mgyoe.com

mgyoe.com



ကြောက်ရွံ့စိုးရိမ်မှုတွေ စုံတကာ စုံလို့ပေါ့။ တကယ်တော့ သူဟာ ကျောင်းဆရာ မည်ကာမတ္တ မဟုတ်ဘဲ သူ့တပည့် အများစုရဲ့ အစားထိုး "ဖခင်" ဖြစ်နေခဲ့တာကလား။

တွမ်ဟာ သူများနဲ့မတူ တစ်မူထူးတယ်လို့ ပြောရလောက်စေတဲ့ အကြောင်းတစ်ခု ရှိသေးတယ်။ သူ နှစ်ပေါင်း ငါးဆယ်ကျော် တွဲခဲ့ပြီး သူ့အချစ်ဆုံး မိတ်ဆွေကြီးဖြစ်တဲ့ ကလပ်လူးဝစ်ဆိုသူဟာ ကျောင်းစောင့်ကြီး ဖြစ်နေတာပါပဲ။ ကလပ်က တွမ်ထက်တောင် အသက်ကြီးသေး။ ဒါပေမဲ့ သူတို့နှစ်ယောက် တစ်ပတ်တစ်ကြိမ် ဖဲကစားခဲ့ကြတာ ဘယ်လောက် ကြာခဲ့တယ်လို့တောင် မမှတ်မိတော့ဘူးဆိုပဲ။ နောက်ပြီး ညစဉ်ညတိုင်းနီးပါး ကစားခဲ့ကြတာကတော့ လွန်ခဲ့တဲ့ ဆယ်နှစ် တွမ်အငြိမ်းစားယူကတည်းကပဲတဲ့။ အဲ...တနင်္လာနေ့ တစ်နေ့ကလွဲလို့ပေါ့။ တနင်္လာနေ့ ဆိုရင်တော့ ၁၅ မိုင်လောက်ဝေးတဲ့အရပ်မှာ နေထိုင်တဲ့ သူ့သမီးနဲ့ သမီးရဲ့ မိသားစုဆီကို သွားလည်လေ့ ရှိတယ်။ အဲဒီညတွေဆို တွမ်က ကလပ်ကိုယ်စား စာကြည့်တိုက်ကို တာဝန်ယူပြီး ပိတ်ပေးလေ့ ရှိတယ်။ အင်းပေါ့လေ၊ ဒါဟာ ပါမောက္ခအိုကြီးက သူ့မိတ်ဆွေ အပြင်ထွက်လည်ခွင့်ရအောင် ကူညီခဲ့တဲ့ သဘောပေါ့။ ဒါပေမဲ့ အမှန်တော့ သူက ဒီအလုပ် လုပ်ရတာကို ကြည်နူးနေတာကိုး။ ဒီတာဝန်ယူလိုက်တဲ့အတွက် သူဟာ မင်းလမ်းတွေမှာ တစ်ကျော့ ပြန်လျှောက်ဖို့၊ စာအုပ်တွေ ကိုင်တွယ်နေရာချထားဖို့၊ အဆောက်အအုံဟောင်းကြီးရဲ့ အောက်သိုးသိုး အနံ့ကို တစိမ့်စိမ့် ရှူရှိုက်ဖို့ အခွင့်အလမ်းရသွားတယ်လေ။

သူဟာ ဒီစာကြည့်တိုက်ကြီးရဲ့ ရောမ သစ်သားတံခါးပေါက်ကြီးထဲက ပထမဦးဆုံးအကြိမ် ဖြတ်ဝင်လာပြီးကတည်းက ဒီစာကြည့်တိုက်ကြီးကို မြတ်နိုးတွယ်တာခဲ့တာ ဆိုပဲ။ တောင်ကုန်းပေါ်မှာ တည်ဆောက်ထားတဲ့ ဒီစာကြည့်တိုက်ထဲက လှမ်းကြည့်လိုက်ရင် တက္ကသိုလ်

mgyoe.com

mgyoe.com



ပရိဂုဏ်ကို စီးမိုး မြင်နေရတယ်။ ဝိတိုရိယခေတ် အဆောက်အအုံ ပုံစံ ဆောက်ထားတဲ့ ဒီစာကြည့်တိုက်ကြီး ဖွဲ့စည်းတည်ဆောက်ထားပုံက တယ်ပြီး ခံ့ညားထည်ဝါလွန်းတာကလား။

စာအုပ်တွေကတော့ နံရံအသီးသီးပေါ်မှာသာ မဟုတ်ဘူး၊ ကြမ်းပြင်ပေါ်မှာရော၊ နံရံတွင်း ကလိုဇက်အခန်းလေးတွေမှာရော၊ သစ်ကြားသား စာရေးစားပွဲတွေပေါ်မှာရော အပြည့်ပါပဲ။ သစ်ကြားသားစားပွဲတွေကတော့ စာသင်သားတွေ မှီဖို့၊ မှောက်ဖို့၊ မှေးစက်ဖို့ပေါ့။ တစ်ချို့ဆို အဲဒီစားပွဲတစ်လုံးပေါ်မှာ သစ်ထွင်းပန်းချီပုံတွေတောင် ထွင်းသွားလိုက်သေးသဗျ။

အဲဒီမှာရှိတဲ့ စာအုပ်တွေကိုလည်း ကြည့်ဦးလေ။ စီးပွားရေးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ သီဝရီစာအုပ်တွေ၊ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၀ ကျော်လောက်အထိ သက်တမ်းရှည်ကြာခဲ့တဲ့ စာအုပ်တွေပေါ့။ တစ်ချိန်တုန်းက ရောင်းအကောင်းဆုံး စာရင်းမှာ ထိပ်တန်းက နေရာယူခဲ့ပြီး အချိန်တန်တော့ နေရာဖယ်ပေးခဲ့ရတဲ့ စာအုပ်တွေ။ တစ်ချိန်တုန်းက အာသာငမ်းငမ်းနဲ့ တရှိုက်မက်မက် ဖတ်ခဲ့ရပေမဲ့ ဒီနေ့ ဒီအချိန်မှာတော့ ပျင်းရိငြီးငွေ့စရာဖြစ်နေတဲ့ စာအုပ်တွေ။ အောင်မြင်မှုကို အာမခံတဲ့ စာအုပ်တွေ။ နောက်တော့ ရှုံးနိမ့်မှုစာရင်းထဲဝင်သွားတဲ့ စာအုပ်တွေ။

ညစဉ်ညတိုင်း ၉း၄၅ ဆိုရင် ကျောင်းစောင့်ကြီးက ခေါင်းလောင်းတီးပြီး ပင်မစာကြည့်တိုက်ထဲမှာ ရှိနေသူတွေကို သတိပေး နှိုးဆော်နေကျ။ စာဖတ်နေသူတွေရော၊ အိပ်ပျော်နေသူတွေပါ ပြန်ဖို့ ပြင်ဆင်ကြတော့လို့ နှိုးဆော်တဲ့ ခေါင်းလောင်းသံလေ။ နောက် ၁၅ မိနစ်အကြာ ၁၀ နာရီတိတိမှာ စာကြည့်တိုက် ပိတ်တော့မယ့် အကြောင်းပေါ့။ အဲ... အောက်တိုဘာလ ၈ ရက်မှာ ကျရောက်တဲ့ တနင်္လာနေ့မှာတော့ ပါမောက္ခကြီး မင်းလမ်းမအတိုင်း လျှောက်လာရင်း ဒီညတော့ ခေါင်းလောင်း

mgyoe.com

mgyoe.com



တီးပြီး နှိုးဆော်ဖို့တောင် မလိုဘူးလို့ စဉ်းစားလာတယ်။ ဘာ့ကြောင့်ဆို တန်းစီနေတဲ့ စားပွဲခုံတွေပေါ်မှာ ဘာဆိုဘာမှမရှိဘဲ စာကြည့်တိုက်ခန်းမကြီး တစ်ခုလုံးမှာ လူသူကင်းမဲ့နေတာကိုး။

ဒါပေမဲ့ လုပ်နေကျ တာဝန်ကို မပျက်မကွက်လုပ်ဖို့ သူ့မိတ်ဆွေ ကလပ်က တင်းတင်းကျပ်ကျပ် ညွှန်ကြားထားတယ်လေ။ ဒီတော့ ပါမောက္ခကြီးဟာ တာဝန်ကျေစွာပဲ ရောမမောင်းကြီးကို ထုလိုက်တယ်။ မောင်းသံကတောင် တာဝန်ကျေ လေးစားတဲ့အနေနဲ့ ခန်းမကြီးထဲကို ဖြည်းဖြည်းလေးလေး လွင့်ပျံ့သွားသလို ရှိတယ်။

အဲဒီနောက်မှာမှ တွမ် လှမ်းမြင်လိုက်တယ်။ ခန်းမကြီးရဲ့ ဟိုး အစွန်အဖျားဘက်ကနေ လျှောက်လာတဲ့ အရိပ်တစ်ခု။ တွမ်ဟာ မျက်စိကို နှစ်ကြိမ်တိတိ ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်တယ်။ မျက်စိတွေက ဟိုတုန်းကလို မကောင်းတော့ဘူးလေ။ သူ တုန်လှုပ်သွားသလား၊ ကြောက်လန့်သွားတာလား၊ ဒါမှမဟုတ် ဘာမှန်းမသိလို့၊ စိတ်တိုသွားတာလား ခွဲခြားမပြောတတ်ဘူး။ သူ့ရင်ထဲမှာ ဘယ်လို စိတ်လှုပ်ရှားမှုမျိုးပဲ ပေါ်လာပေါ်လာ သူက မင်းလမ်းမအတိုင်း ဆက်လျှောက်သွားတယ်။ အလျင်တုန်းက တစ်ခါမှ မလုပ်ဖူးတဲ့ အလုပ်တစ်ခုကို လုပ်လိုက်တယ်။ အဲဒါကတော့ အသံကိုမြှင့်ပြီး "အထဲမှာ ဘယ်သူရှိသေးသလဲ ဟေ့" လို့ အော်ပြီး မေးလိုက်တာပဲပေါ့။

မင်းလမ်းပေါ်က ဖဲ့ထွက်ပြီး မှိန်ပျပျ အလင်းရောင်အောက်ထဲ ဝင်လာတဲ့ လူငယ်က တွမ်ထက် ပိုပြီး ထိတ်လန့်နေပုံပဲ။ သူက ပါမောက္ခကြီးဆီကို လျှောက်လာတယ်။

"မင်းမှာ ပြန်ဖို့ အိမ်မရှိဘူးလား ငါ့သား"

"စိတ်မရှိပါနဲ့ ခင်ဗျာ၊ ကျွန်တော် စာထဲနစ်သွားလို့ပါ။ ကျွန်တော် ခုပဲ ပြန်ပါ့မယ်"

mgyoe.com

mgyoe.com



"ဪ...အေးအေးဆေးဆေး လုပ်ပါကွာ၊ စာကြည့်တိုက်ပိတ်ဖို့ ၁၅ မိနစ် လိုပါသေးတယ်"

"မဟုတ်ဘူး ခင်ဗျ၊ ကျွန်တော် ပြီးနေပါပြီ"

"အိမ်း...ငါ မင်းကို ဘယ်လိုများ ကူညီလို့ ရနိုင်မလဲဟင်"

တကယ်လို့ သူ စကားပြောနေတာ ဘယ်သူလဲ ဆိုတာ လူငယ် သိသွားရင် ဒီချာတိတ် တစ်ချိုးတည်း လစ်မှာ သေချာပေါက်ပေါ့။ ဒါပေမဲ့ ဒီကျောင်းစောင့်ကြီး ကြည့်ရတာ အဆိပ်ရှိပုံမရပါဘူးလို့ သူ တွေးတယ်။ နောက်ပြီး သူကိုယ်တိုင်ကလည်း စကားပြောချင်စိတ်တွေ ဖြစ်နေတယ် လေ။

"မနက်ဖြန်ဆို ကျွန်တော် အမ်ဘီအေသင်တန်း စတက်ရတော့ မယ် ခင်ဗျ။ ကျွန်တော့်ဖေဖေက လွန်ခဲ့တဲ့နှစ်က ဆုံးသွားတယ်။ သူက အမှုဆောင်အရာရှိချုပ် တစ်ဦးပါ။ သူ အကြီးအကျယ် မျှော်လင့်ထားတာ က ကျွန်တော့်ကို ဒီကျောင်းမှာ ပညာသင်ပြီး စီးပွားရေးလောကမှာ ဝမ်းကျောင်းပညာရှင်တစ်ဦး ဖြစ်စေချင်တယ်။ ဒါဆို သူ အကြီးအကျယ် ဂုဏ်ယူမှာ ခင်ဗျ။ ဖေဖေကတော့ သူ ဘာပဲလုပ်လုပ် လုပ်သမျှအားလုံး နီးပါး အောင်မြင်တာချည်းပဲ။ သူဟာ မှုးပဲနဲ့စပြီး ပေါင်သန်းပေါင်းများစွာ တန်တဲ့ လုပ်ငန်းကြီးတစ်ခု ထူထောင်ခဲ့ပါတယ်။ တခြားလူတွေက မဖြစ် နိုင်ဘူးလို့ ထင်ထားတဲ့ ဈေးကွက်တွေကို သူက ထိုးဖောက်ဝင်နိုင်ခဲ့တယ် ခင်ဗျ။ ဟားဗတ်စီးပွားရေး တက္ကသိုလ် စစ်တမ်း မဂ္ဂဇင်းမှာ ဖေဖေ့ အကြောင်း ဘယ်လို ရေးထားသလဲဆိုတော့ "အပြိုင်မရှိတဲ့ အောင်မြင်မှု ဇာတ်လမ်းတစ်ပုဒ်" တဲ့ ခင်ဗျ"

"ဒါပေါ့ သားရယ်၊ ခုနေ မင်းကို သူ မြင်ရရင် သူ ဂုဏ်ယူနေမှာ ပေါ့။ သူ့လိုဖြစ်အောင် ကြိုးစားလေကွာ"

တွမ်က လူချင်းခွဲဖို့ တစ်ဖက်ကို လှည့်လိုက်တယ်။ ဒါပေမဲ့ လူငယ်က သူ့ လက်မောင်းကို ဆွဲထားလိုက်တယ်။

mgyoe.com

mgyoe.com



“ဖေဖေဟာ သူလုပ်သမျှ အားလုံးနီးပါး အောင်မြင်ခဲ့တယ်လို့ ကျွန်တော် ပြောတယ်နော်။ အဲဒီ “အားလုံး နီးပါး”ဆိုတဲ့ စကားလုံးက ကျွန်တော့်ကို ဒီနေ့ ဒီစာကြည့်တိုက်ကိုရောက်အောင် ခေါ်လာတာပါပဲ။ ကျွန်တော် ကလေးဘဝကဆို ဖေဖေနဲ့ သိပ်အတူတူ မနေခဲ့ရဘူး ခင်ဗျ။ တခြား မိဘတွေက သူတို့ရဲ့သားတွေ ကန်တဲ့ ဘောလုံးပွဲတွေကို လိုက်အားပေးဖော်ရပေမဲ့လည်း ဖေဖေကတော့ တစ်ခါမှ မလာနိုင်ဘူး။ တစ်ခါဆို ကျောင်းပြဇာတ်မှာ ကျွန်တော် ခေါင်းဆောင်မင်းသား လုပ်ရတယ်။ ပြဇာတ်ပြီးလို့ ပွဲသိမ်းကန့်လန့်ကာကြီးကျလာမှပဲ ဖေဖေ ရုံထဲရောက်တော့တယ်။ ကျွန်တော်တို့မှာ အခန်းပေါင်း ၂၀ ရှိတဲ့ အိမ်ကြီးတစ်လုံးရယ်၊ ကိုယ်ပိုင် ဂျက်လေယာဉ်တစ်စင်းရယ် ရှိပါတယ်။ တခြားကလေးတွေ စိတ်ကူးယဉ်ရုံလောက်ပဲ စိတ်ကူးယဉ်လို့ရမယ့် ကစားစရာမျိုးတွေ ကျွန်တော့်မှာ တစ်ပုံတစ်ပင်ကြီး ရှိတယ်။ ကျွန်တော် မရနိုင်တာဆိုလို့ တစ်ခုပဲ ရှိတယ် ခင်ဗျ။ အဲဒါကတော့ ဖေဖေ့ကိုပါပဲ။

“ဖေဖေ့မှာ အမှုထမ်းပေါင်း ၁၅၀၀၀ ရှိတယ်။ ဘုတ်အဖွဲ့ဝင်လူကြီးဆယ့်နှစ်ယောက် ရှိတယ်။ အဲ... လည်ပင်းဖက် ပေါင်းရမယ့် မိတ်ဆွေစစ်တော့ တစ်ယောက်မှ မရှိရှာဘူး။ သူဟာ အလုပ်သဘောနဲ့ တည်ခင်းတဲ့ နေ့လယ်စာ စားပွဲတွေ ထောင်ချီပြီး သွားခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံးကျတော့ သူ့အကြောင်း သူ ရင်ဖွင့်စကား ပြောလို့ရမယ့်သူရယ်လို့ တစ်ဦးမှ မတွေ့ခဲ့ဘူး။ သူ့အသက် ၆၀ ပြည့် မွေးနေ့ပွဲကို လူငါးရာလာခဲ့တယ်။ သူ့အသုဘကျတော့ လူ ၅၀ ပဲ ရှိတယ်။ ဖေဖေဟာ တော်တော်ကြီး ငယ်သေးတဲ့အရွယ်မှာ ဆုံးသွားရှာတာ။ သူ ကြိုးစားအားထုတ်ပုံက သူ့ကိုယ်သူ ညှဉ်းဆဲသလို ဖြစ်ခဲ့တာ ခင်ဗျ။ သူ ပေးဆပ်ရတဲ့ တန်ဖိုးမျိုး ပေးဆပ်ပြီး သူရတဲ့ အောင်မြင်မှုမျိုးကို ကျွန်တော်ဖြင့် သိပ်တောင် မမက်မောချင်တော့ဘူး။ ဒါကြောင့် ဒီနေ့ ဒီကိုလာပြီး

mgyoe.com

mgyoe.com



ဒီစာအုပ်တွေထဲမှာ ပိုက်စိပ်တိုက်ရှာနေတာ။ "အောင်မြင်မှုရဲ့ အဓိပ္ပာယ်ဟာ ဘာလဲ၊ အောင်မြင်မှုနဲ့အတူ ဘဝဆိုတာကိုရော ထိန်းထားနိုင်ဦးမှာလား" ဆိုတဲ့ မေးခွန်းရိုးရိုးကလေးရဲ့ အဖြေကို တွေ့လိုတွေ့ငြား လိုက်ရှာနေတာပါ"

တွမ်မှာ သားသမီး ငါးယောက် ရှိတယ်။ မြေး ၁၀ ယောက် ရှိတယ်။ နောက်ပြီး သူ့မိသားစုဝင်တွေအဖြစ် သူ ထင်မှတ်နေဆဲဖြစ်တဲ့ တပည့်ဟောင်းတွေ ရာပေါင်းများစွာ ရှိတယ်။ သူက ဒီလူငယ်ရဲ့ မျက်နှာမှာ ထင်ဟပ်နေတဲ့ အသွင်အပြင်မျိုးကို တွေ့ဖူးမြင်ဖူးတာ အကြိမ်ပေါင်း ထောင်ချီနေပြီလေ။ ဒီလူငယ်ကလေးဟာ ကြံရာမဲ့ ဖြစ်နေပြီ။ သူက လွတ်နေတဲ့ ခုံတစ်လုံးကို ဆွဲပြီးထိုင်ဖို့ လူငယ်ကို လက်ဟန်ခြေဟန် ပြလိုက်တယ်။

"သားရေ၊ ငါ ဝန်ခံစရာကလေး တစ်ခုရှိသကွ။ ငါက ကျောင်းစောင့်ကြီး မဟုတ်ဘူး။ ငါက ခုတော့ အငြိမ်းစားယူထားပြီ။ ဒါပေမဲ့ ဟောဒီ တက္ကသိုလ်ကြီးမှာ စီးပွားရေးဆိုင်ရာ ပညာရပ်တွေ သင်ပေးခဲ့တာ ဘယ်တုန်းကလဲဆိုတာ မမှတ်မိလောက်အောင် ကြာခဲ့ပြီကွဲ့"

လူငယ်ရဲ့ မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားပြီး သူ့ ကုလားထိုင်ကို တွမ်ရဲ့ ကုလားထိုင်နဲ့ နီးကပ်အောင် ရွှေ့လိုက်တယ်။ တွမ်ကတော့ သူ ပြောလက်စ စကားကို ဆက်ပြောတယ်။

"အဲဒါအပြင် အောင်မြင်ရေးကျမ်းတွေ ရေးခဲ့တဲ့ ယောကျာ်းတွေ၊ မိန်းမတွေရဲ့ ဝမ်းကျောင်းလုပ်ငန်းနဲ့ အားထုတ်မှုတွေကို လိုက်ပြီး လေ့လာကြည့်ခဲ့တယ်။ သူတို့အထဲက တချို့တွေဆိုရင် သူတို့ ကုမ္ပဏီတွေက ရတဲ့ ငွေကြေးအမြတ်အစွန်းထက် စာအုပ်ရေးလို့ရတဲ့ ငွေက ပိုများတယ်ဆိုတာ ငါ ပြောလို့ရတယ်။ ဒါပေမဲ့လည်း သူတို့ ခံစား စံစားရတဲ့ အောင်မြင်မှုဟာ အတိုင်းအတာ တစ်မျိုးတည်း တိုင်းလို့ရတဲ့ အောင်မြင်မှုဖြစ်နေတာ တွေ့ရသကွ။

mgyoe.com

mgyoe.com



"အဲဒီလူတွေထဲက တချို့ဆိုရင် နေဝင်ဆည်းဆာ ရှုခင်းရဲ့ အလှ အပကို စောင့်ကြည့်ခံစားဖို့ နေနေသာသာ သူတို့မှာ တံတွေးထွေးဖို့တောင် အချိန်မရကြရဘူး။ တချို့ကျတော့ သူတို့မှာရှိတဲ့ ကားစီးရေလောက် မိတ်ဆွေဦးရေ များများစားစား မရှိဘူး။ မင့်အသက်အရွယ်လောက်နဲ့ ဒါတွေကို နားလည်သဘောပေါက်ဖို့ ခက်ကောင်း ခက်နေမယ်။ ဒါပေမဲ့ ငါ့ မိတ်ဆွေကြီးဖြစ်တဲ့ ဟောဒီ ကျောင်းစောင့်ကြီးရဲ့ ဘဝဟာ အဲဒီလူတွေ ရဲ့ ဘဝထက် ပိုပြီး ချမ်းသာသုခနဲ့ ပြည့်စုံတယ်လို့ ငါ ယုံကြည်လာပြီ လေ"

"ဒီတော့ အောင်မြင်မှုဆိုတာ အာရုံမှားမှု တစ်ခုလားဟင်။ အောင်မြင်တဲ့ ဝမ်းကျောင်းလုပ်ငန်းတစ်ခု ထူထောင်ပြီး အဓိပ္ပာယ်ရှိတဲ့ ဘဝကိုလည်း ပိုင်ဆိုင်ဖို့ဆိုတာ မဖြစ်နိုင်ဘူးလား"

"အဲဒီလို နှစ်ဖက်စလုံး အောင်မြင်သူ တချို့ကို တွေ့ခဲ့ဖူးပါတယ်။ ဒါပေမဲ့ အရေအတွက် တော်တော်နည်းသကွ။ နှစ်ပေါင်းများစွာအတွင်း အဲဒီလို အောင်မြင်မှုရသွားသူတွေရဲ့ ထူးခြားတဲ့ စရိုက်လက္ခဏာတွေကို ငါ စောင့်ကြည့်လေ့လာခဲ့တယ်လေ။ အဲဒီ ယောကျ်ားတွေ၊ အဲဒီ မိန်းမ တွေသာ အမှန်တကယ် အောင်မြင်သူတွေ ဖြစ်တယ်လို့ ငါ ယုံကြည်လာ တယ်"

"ကျွန်တော် လေ့လာဆည်းပူးလို့ရတဲ့ အရည်အချင်းတွေလား ဟင်"

"ငါ ဘာလုပ်မလဲဆိုတာ ပြောပြမယ်။ ဟောဒီ အကြံပြုချက် ကလေးတွေ မင်းကို ငါ ပြောပြမယ်။ ဒီတော့ နောက်နှစ်လလောက် အတွင်း ဒီစာကြည့်တိုက်ပိတ်ချိန်မှာ လာခဲ့။ ငါက ကားဝင်လမ်း အဆုံး မှာရှိတဲ့ အိမ်ကုပ်ကလေးမှာ နေတယ်။ ငါ့ဆီ လာလည်လေကွာ။ ငါက တို့နှစ်ယောက် သောက်ဖို့ ကော်ဖီ ဖျော်ဖျော်ထားမယ်ကွာ။ နောက်ပြီး

mgyoe.com

mgyoe.com



ငါ့တပည့်တွေ ပြောပြောနေတဲ့ 'ပါမောက္ခ မာရေးရဲ့ အောင်မြင်ရေး ဥပဒေသတွေ' ကို ပြန်ပြောပြမယ်။ ခုလို တစ်ကျော့ပြန် သင်ကြားပို့ချမှု လုပ်ရတာ စိတ်ကြည်နူးစရာ တစ်မျိုးပေါ့ကွာ။ သင်တန်းက မနက်ဖြန်ည ၁၀ နာရီတိတိမှာ စမယ်"

ထိုညအဖို့ တွမ် ပထမဆုံးအကြိမ်အဖြစ် မြင်တွေ့ လိုက်ရသည်မှာ အားရပါးရ ပွင့်ကားလာသော လူငယ်၏ အပြုံး။

"ကျွန်တော် လာမယ် ဆရာ၊ ဒါထက် ကျွန်တော့် နာမည်က ဂျက်ပါ"

တွမ်က သူ့တပည့်အသစ်ကို စာကြည့်တိုက်ထဲမှ ထွက်ခွင့်ပြုသည်။ ကုန်းဆင်းလမ်းအတိုင်း လျှောက်သွားသည့် လူငယ်ကို မျက်စိတစ်ဆုံး လိုက်ကြည့်နေသည်။ ပရိဝုဏ်ကို စိုးမိုးနေသော အမှောင်ထုက လူငယ်၏အရိပ်ကို ဝါးမျိုလုခမန်း ဖြစ်ချိန်ထိ။ လူငယ်က ရုတ်ခြည်း ဆိုသလို ချာခနဲ လှည့်ပြီး အော်ဟစ်မေးသည်။

"ဟေး...ပါမောက္ခကြီး ခင်ဗျား။ ဆရာကြီးရဲ့ သင်တန်းနာမည်ကို ဘယ်လို ခေါ်ပါသလဲ"

ဆရာကြီး ပြုံးသည်။ အဆောက်အအုံထဲသို့ လှည့်ဝင်သည်။ ထို့နောက် ရုတ်တရက် ရပ်လိုက်၏။ နောက်သို့ ပြန်လှည့်သည်။ တခစ်ခစ် ရယ်သည်။ မျက်ကြောရှုံ့ပြီး ကြည့်သည်။ သို့ပေမဲ့ တပည့်ကျော်က သူ့မြင်ကွင်းထဲမှ ပျောက်သွားဟာ ကြာပြီ။ သို့ဖြစ်သော်လည်း ကုန်းဆင်းလမ်းအောက်ဘက် အမှောင်ထုထဲသို့ မဖြစ်မနေ အော်ပြောလိုက်သည်။

"ဂျက်၊ 'ဘဝမဆုံးဘဲ စီးပွားတက်အောင် စွမ်းဆောင်နည်း' သင်တန်းလို့ ခေါ်မယ်လေကွာ"

*

ထိုညက ဂျက်တစ်ယောက် သူ့အခန်းသို့သာ ပြန်ရောက်သွားသည်။ ပါမောက္ခ မာရေး၏ သင်တန်းသို့ တက်ရောက် ပညာယူလိုက်

mgyoe.com

mgyoe.com



သည့်အတွက် သူ့ဘဝ တစ်ဆစ်ချိုး ပြောင်းလဲသွားလိမ့်မည် ဖြစ်ကြောင်း ရေးရေးမျှပင် မစဉ်းစားမိချေ။ ကျွန်တော်တို့လည်း ဤစာအုပ်ကို ဆက်ဖတ်ရင်း သူတို့နှစ်ဦး ဆုံတွေ့ခဲ့သည့် အမှတ်တရ ခုနစ်ကြိမ်၏ လိုရင်းအချက်များကို စာဖတ်သူလည်း မျှဝေခံစား ကြည့်စေလိုပါသည်။ သို့ပေမဲ့ ဤခုနစ်ရက်အတွက် အသံသွင်းတိပ်ခွေ မရှိ။ ဗွီဒီယို ရိုက်ကူးထားခြင်း မရှိ။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော အဆိုပါ ဆောင်းဦးပေါက်သင်တန်းတွင် သူတို့နှစ်ယောက်၏ ပြောဆို ဆွေးနွေးချက်များကို အသေးစိတ် လိုက်ရေးထားသော မှတ်တမ်းမှတ်ရာ မရှိ။

သို့ဖြစ်စေကာမူ ကျွန်တော်တို့မှာ ပါမောက္ခကြီး၏ ဥပဒေသ ခုနစ်သွယ်ကို လက်ဝယ်ပိုင်ပိုင် ရထားသည်။ သည်တော့ သင်တန်းတစ်ခုပြီးသွားတိုင်း သင့်ကို ပစ္စုပ္ပန်ကာလသို့ ပြန်လည် ခေါ်ယူပါမည်။ ပြီးတော့ ကျွန်တော် သဘောပေါက် ယုံကြည်ထားသည့်အတိုင်း အဓိပ္ပာယ်ကောက်ပြ၊ ရှင်းလင်းပြပါမည်။

တွမ်မာရေး ကွယ်လွန်ခဲ့သည်မှာ ကြာရှည် ကြာမြင့် ရှိခဲ့ပါပြီ။ ဂျက်သည်ပင်လျှင် အသက်ငါးဆယ်နား ကပ်နေပါပြီ။ သို့သော် တွမ်မာရေး၏ ဆောင်ရန်၊ ရှောင်ရန် ဥပဒေများကတော့ ထိုခေတ်ထိုအခါနှင့် သင့်မြတ်လျော်ကန်ခဲ့သလို ယခုခေတ် ယခုအခါနှင့်လည်း သင့်မြတ်လျော်ကန်နေကြောင်း ကျွန်တော့်နည်းတူ သင်လည်း သဘောတူ လက်ခံပါလိမ့်မည်။

❒

mgyoe.com

mgyoe.com

**အောက်တိုဘာလ ၉ ရက်၊ အင်္ဂါနေ့၊ ည ၁၀း၀၀ နာရီ**

*ဂျက် တံခါးခေါက်ခေါက်ချင်းပဲ တွမ်က တံခါး ဖွင့်ပေးပါတယ်။ ပြီးတော့ အိမ်ထဲဝင်ဖို့ ခေါ်တယ်လေ။ သူ့အခန်းကို မြင်ရတော့ လူငယ်ကလေးဟာ ရှေးသရောအခါက ခေတ်တစ်ခုခုကို မြင်ယောင်သွားတာပေါ့။ မီးခံ သံပေါင်တစ်ခုထဲမှာ ကျောက်မီးသွေး မီးတောက်သေးသေးကလေးတစ်ခု လောင်မြိုက်နေတယ်။ အဲဒီမီးဖိုရဲ့ ဟိုဘက် ဒီဘက်မှာတော့ လက်တန်းနဲ့ သားရေဆိုဖာဟောင်းကြီး နှစ်လုံး ချထားတယ်။ ကုလားထိုင် အခင်းနေရာတွေက ကျွံကျနေလိုက်တာ ကြမ်းပြင်နဲ့ ထိလုမတတ်ပဲ။ နောက်ပြီး လေးဖက်လေးတန် နံရံတွေပေါ်မှာတော့ ဓာတ်ပုံတွေ၊ ကလေးတွေ၊ ခွေးတွေရဲ့ ပုံတွေ။ တစ်ပုံကတော့ လူငယ်တစ်ယောက် မင်္ဂလာဆောင်နေ့က သတို့သမီးနဲ့ တွဲရိုက်ထားတဲ့ပုံပေါ့။ တွမ်က သူ့တပည့်သစ်ကို လှည့်ပတ်ခေါ်သွားပြီး အဲဒီ ဓာတ်ပုံတစ်ပုံချင်းစီရဲ့ သမိုင်းကြောင်းကို ရှင်းပြတယ်။ ဒီပုံတစ်ပုံချင်းဟာ ဘာကြောင့် သူ့အတွက် အရမ်းတန်ဖိုး ရှိနေသလဲဆိုတာ ပြောပြတယ်။ အဲဒီနောက် သူ့ဆေးတံကို မီးညှိတယ်။ ပြီးတော့ ဆိုဖာတစ်လုံးမှာ ထိုင်ဖို့ အချက်ပြတယ်။*

mgyoe.com

mgyoe.com



"ကဲ...ဂျက်၊ သင်တန်း စပြီ။ အတော်ဆုံးဆိုတဲ့ ပါမောက္ခတွေရဲ့ လုပ်ထုံးလုပ်နည်းအတိုင်း မင်းကို ပထမဇနေ့မှာပဲ အတန်းတင် စာမေးပွဲ မေးခွန်းမေးမယ်။ ကျန်တဲ့အချိန်မှာမှ အဲဒီမေးခွန်းကို ဘယ်လို ဖြေရမလဲ ဆိုတာ သင်ပေးမယ်။ မေးခွန်းက ဟောဒီမှာ။ "တကယ့် အောင်မြင်မှု အတွက် အဓိက လိုအပ်ချက်တွေက ဘာတွေလဲ၊ အဲဒီအောင်မြင်မှုကို ကျွန်တော့်လုပ်ငန်းနဲ့ ကျွန်တော့်ဘဝမှာ ဘယ်လိုရှာရင် တွေ့နိုင်မလဲ" တဲ့။

"တစ်ခုတော့ရှိတယ်၊ ပထမဦးဆုံး သင်ခန်းစာက အခက်ဆုံးပဲကွ"

❐

mgyoe.com

mgyoe.com

## ဥပဒေသ နံပါတ်တစ်
## ငွေချမ်းသာပြီး အချိန်ဆင်းရဲသည့်ဘဝဖြင့် မရောင့်ရဲပါနှင့်

ငွေချမ်းသာပြီး အချိန်ဆင်းရဲသည့် ဘဝဖြင့် မရောင့်ရဲပါနှင့်

ထိုညနေကား ကယ်လီဖိုးနီးယားတွင် ပူလောင်သော အဲ... ပူလောင်အိုက်စပ်သော ညနေခင်း ဖြစ်၏။ ထိုအခိုက်မှာပင် ထိုဖြစ်ရပ်ကို ကျွန်တော် မြင်လိုက်ရသည်။ လော့(စ်)အိန်ဂျလိ(စ်)မြို့မှ ညနေစောစော ထွက်လာသည့် အမြန်လမ်းမကြီးပေါ်တွင် ယာဉ်ကြော ပိတ်ဆို့ပြီး ရပ်တန့်သွားသည်မှာ တစ်နာရီအတွင်း အကြိမ်ခြောက် ဆယ်မြောက် ရှိနေပြီ။ ကားပေါ်မှာ ထိုင်ရင်း ကျွန်တော်နှင့်အတူ ရပ်စောင့်နေရသည့် ခရီးသွားဖော်များကို မျက်စိဝေ့ဝဲ ကြည့်မိ၏။ ကျွန်တော့် ဘယ်ဘက် ယာဉ်ကြောပေါ်က ယာဉ်မောင်းသည် ကားလက်ကိုင်ဘီးပေါ်မှာ ဝမ်းလျားကြီး မှောက်လျက်။ အသက်ထွက်နေသည်လား၊ ကြံရာမရ ဖြစ်နေသည်လား မသိ။ ရှေ့ကားပေါ်ရှိ အလုပ်ခွင်ဝတ်စုံ ဆင်မြန်းထားသည့် မိန်းမကတော့ သူ့တယ်လီဖုန်းထဲကို တစ်လှည့်၊ ကားနောက်ခန်းထဲတွင် အကဲ

mgyoe.com

mgyoe.com


ကြီး ကဲနေသည့် သူ့ကလေးများကို တစ်လှည့် အော်ငေါက်နေသည်။ နောက်ပြီး ကျွန်တော့် ညာဘက်က ပေါ့(ရှ်)ကားထဲက ပုဂ္ဂိုလ်ကတော့ အဲ... စိတ်တို ဒေါသထွက်နေသည်။ သူက သူ့ရှေ့က မော်တော်ယာဉ် မောင်းများကို လှမ်းအော်နိုင်ရန် သူ့ကား တံခါးမှန်ကို နှိမ့်ချလိုက်ခြင်း အားဖြင့် တန်ဖိုးရှိလှသော လေအေးအေးကလေးကို အဆုံးခံလိုက်၏။ ထိုသို့ ခဏကြာအောင် ပြုလုပ်အပြီးတွင် သူလည်း တယ်လီဖုန်းကို ကောက်ကိုင်ပြီး အော်ငေါက်နေတော့၏။ ထိုပေါ့(ရှ်) ကားနှင့် ကျွန်တော် ဗြားမောင်းလာသည့် ကားသည် အမြန်လမ်းမကြီးပေါ်တွင် အနည်းဆုံး ငါးမိုင်လောက် သူတင်ကိုယ်တင် အပြိုင်မောင်းခဲ့ကြ၏။ ကျွန်တော် သူ့ကို ကြည့်ရင်း ကြည့်ရင်း သဘောကျလာမိသည်။ ပေါ့(ရှ်)ကားမှာ တပ်ဆင်ထားသည့် လေအေးစက်သည် ပြိုင်ဘက်မရှိလောက်အောင် ကောင်းမှန်း ကျွန်တော်သိသည်။ သို့ပေမဲ့ သည်လူ့မျက်နှာကြီးက နီသည်ထက် နီရဲလာသည်။ ပြီးတော့ ချွေးဒီးဒီး ကျနေသည်။

ငင်းဗရုတ်သုတ်ခ ဖြစ်ရပ်ကလေးထဲတွင် အာရုံနှစ်နေမိသည့် အတွက် ရှေ့ကားက နှစ်ကိုက်လောက်ရှေ့တိုးသွားသည်ကို ကျွန်တော် လိုက်ကပ်ဖို့ မဆိုစလောက်ကလေး နှေးသွားသည်။ ပေါ့(ရှ်) ကားပေါ်က လူက ထိုအခွင့်အရေးကို မြင်သည်။ သူ့ကား လီဗာကို ဆောင့်နင်းသည်။ သူ့ကားကလေးသည် မဆိုစလောက် ကွက်လပ်ကလေးထဲ တိုးဝင်သွားသည်။ ထိုအချိန်မှာ ထိုအရာကို ကျွန်တော် တွေ့လိုက်ရခြင်း ဖြစ်၏။ သူ့ကား ဘမ်ပါမှာ ကပ်ထားသည့် စာတန်းကလေး။ "ကစားစရာအရုပ် အများဆုံးရပြီး သေသွားသူသည် အောင်နိုင်သူ ဖြစ်သည်" တဲ့။

ထို့နောက်ပိုင်းကတည်းက ကျွန်တော် သူ့ကို ခဏခဏ သတိရ နေသည်။ သူ သက်ရှိထင်ရှားရှာ ရှိသေးရဲ့လား။ မရှိတော့ဘူးဆိုလျှင် သူ ရသွားသည့် ဆုလာဘ်တွေက ဘာတွေလဲဟု တစ်ခါ၊ နှစ်ခါလောက်

mgyoe.com

mgyoe.com


တွေးမိကြောင်းတော့ ကျွန်တော် ဝန်ခံရပါမည်။ သို့ပေမဲ့ များသောအားဖြင့် သူ့ကို သတိရမိခြင်းမှာ ထိုလူသည် ကျွန်တော် တဖြည်းဖြည်း ယုံကြည်လက်ခံလာသည့် **ဆင်းရဲသား လူတန်းစားအသစ်**၏ ပြယုဂ် ဖြစ်နေသောကြောင့်ပင်။

သည်လို လူစားတွေမှာ အလွန် အဆင့်အတန်းမြင့်သည့် နေမှုပုံစံတွေ ရှိသည်။ သို့ပေမဲ့ ဘဝဆိုင်ရာ အဆင့်အတန်းကျတော့ စိတ်ပျက်စရာ ကောင်းလောက်အောင် ဆိုးရွားလှသည်။ သူတို့တွင် အချိန်ကုန်သက်သာစေမည့် ပစ္စည်းကိရိယာပေါင်းစုံ ရှိသည်။ သို့ဖြစ်စေကာမူ 'တစ်နေ့ တစ်နေ့ အချိန်လုံလုံလောက်လောက်ကို မရပါဘူး'ဟု ခါးသီးစွာ ညည်းညူကြသည်။ သူတို့တွင် နောက်ဆုံးပေါ် နည်းပညာဖြင့် တီထွင်ထားသည့် ဆက်သွယ်ရေး ကိရိယာတွေ ရှိသည်။ သူတို့သည် ဘယ်နေရာ ဘယ်ဒေသကိုမဆို ကြိုက်သည့်အချိန်မှာ ဆက်သွယ်လို့ရ၏။ သို့သော် သူတို့ ချစ်ခင်မြတ်နိုးသူတွေနှင့် ဆက်သွယ်ဖို့ကျတော့ မဖြစ်နိုင်သလောက် အခက်အခဲ တွေ့နေရသည်။ သူတို့တွင် ဒုတိယအိမ်တစ်လုံး ရှိသည်။ သို့သော်ငြားလည်း သူတို့၏ ပထမအိမ်မှာပင် နာရီအနည်းငယ်မျှ အနားယူ အပန်းဖြေဖို့ အချိန်မရကြ။ သူတို့တွင် အရာခပ်သိမ်း အပြည့်အစုံရှိပြီး သူတို့တွင် ဘာဆိုဘာမျှ မရှိကြပါချေ။

ကားဘမ်ပါတွင် ကပ်ခွာစာတန်းကလေး ကပ်ထားသည့် ထိုလူကို ကျွန်တော် နားလည်သည်။ သဘောပေါက်သည်။ တစ်ခါတစ်ခါ သူ့ကို သိသလိုပင် စိတ်ထဲထင်မိ၏။ သူသည် သူ့ကလေးတွေ အိပ်ရာကမနိုးမီ အစောကြီးကတည်းက လုပ်ငန်းခွင်သို့ ထွက်ခဲ့ရသည်။ သူ့သားသမီးများကို အိပ်ရာဝင်ပုံပြင် ဖတ်ပြခဲ့တာ ဘယ်တုန်းက နောက်ဆုံးအကြိမ်ဖြစ်သည်ကို သတိ ပြန်ဖော်လို့ မရတော့။ သူ့သမီးကလေး ကပြဖျော်ဖြေသည့် ဘဲလေးကပွဲကို သူ သွားရောက် အားမပေးချင်လို့တော့

mgyoe.com

mgyoe.com


မဟုတ်။ သို့ပေမဲ့ ကမ္ဘာပေါ်မှာ ရှိရှိသမျှ ချစ်ကြည်မှုတွေ၊ စေတနာတွေကို ထုတ်ဖော်ပြလို့ မရနိုင်လောက်အောင် ဖြစ်နေသည်။ ရုံးပိတ်ရက်မှာ စိတ်ပြေကိုယ်လျှော့နေလိုက်ဖို့ ဇနီးသည်က အသနားခံနေသည့်ကြားက "ရုံးကို တစ်ချက်လောက် ဖုန်းဆက်ကြည့်လိုက်ချင်သည့် ဆန္ဒ" ကို မလွန်ဆန်နိုင်။

သူ့မှာ ကျန်းမာရေး အာမခံရှိသည်။ စိတ်ဖိစီးမှု လျှော့ပါးရေး ရုံးတွင်းသင်တန်းများ ရှိသည်။ သို့ပေမဲ့ သူ့မှာ အလုပ်နှင့် အချိန်နှင့် လုံးထွေးနေရသည်။ နှစ်နှစ်ခြိုက်ခြိုက်လည်း အိပ်လို့မပျော်။ သူသည် ဒုတိယအကြိမ် နှလုံးရောဂါ အဖောက်ခံရဖို့ တာစူနေပြီ။ သူ့မှာ အခက်အခဲမျိုးစုံ၊ ပြဿနာမျိုးစုံ ကြုံနေရသည်။ ထိုထိုသော အခက်အခဲများ၊ ပြဿနာများထဲတွင် "အချိန်ဆင်းရဲခြင်း" ထက် လူကို ဒုက္ခပေးသော ရောဂါ မရှိပါချေ။

အချိန်ဆင်းရဲခြင်းကို သတိပြုမိဖို့ တော်တော် ခက်သည်။ ဘာ့ကြောင့်ဆို ဘဝ၏ အခြားအပိုင်းတိုင်းသည် အရမ်းအဆင်ပြေ ချော မွေ့နေသယောင် ရှိသောကြောင့် ဖြစ်ပါသည်။ ဤပုဂ္ဂိုလ်၏ လူနေမှု အဆင့်အတန်းသည် အလွန်အဆင့်မြင့်ပါသည်။ သူ ချစ်ခင်မြတ်နိုးသူ များအတွက် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တိုင်းကို ဖြည့်ဆည်းပေးထား နိုင်၏။ သူ့ကလေးတွေသည် မွေးနေ့များ၊ ခရစ္စမတ်နေ့များတွင် တန်ဖိုး အကြီးဆုံး လက်ဆောင်များရကြ၏။ အဆင့်မြင့်ပေ၊ ကောင်းပေ့ဆိုသည့် ကျောင်းများမှာ စာသင်ခွင့်ရကြ၏။ သူတို့သည် မကြာမကြာဆိုသလို အဆင့်အတန်းမြင့်မြင့် အနားယူ အပန်းဖြေခွင့်များ ရကြသည်။ ထို့ ကြောင့် အချိန်ဆင်းရဲခြင်းကို သတိပြုမိဖို့ ပိုပြီး ခက်ခဲရလေသည်။ သူတို့ မိသားစုသည် တစ်နှစ်တစ်ကြိမ် ရက်ပေါင်းအတန်ကြာအောင် အပန်းဖြေခရီး ထွက်ကြမည်။ ကျေးလက်ဒေသဘက်တွင် ဒုတိယ

mgyoe.com

mgyoe.com


နေအိမ်တစ်လုံး ရှိကောင်းရှိမည်။ တစ်မိသားစုလုံး ကျန်းမာရေးနှင့် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ဖို့ အသင်းဝင်ထားတာ ရှိကောင်းရှိမည်။

သို့သော် ထိုသို့သော အပြေးအလွှား၊ ဒရောသောပါးနေမှု ပုံစံကို အထောက်အကူပြုမည့် ဝန်ဆောင်မှုလုပ်ငန်းတွေ ပုံစံမျိုးစုံဖြင့် ပေါ်ထွန်းနေသည်။ သင့်သားသမီးများ၏ မွေးနေ့ပွဲများ စီစဉ်ပေးလိမ့်မည်။ သို့မဟုတ် သင့်မိသားစု၏ ဓာတ်ပုံ အယ်(လ်)ဘမ်တစ်ခု စုစည်းစီစဉ်ပေးလိမ့်မည်။ သင့်ရုံးခန်းရှိ စာရေးစားပွဲသို့ လာရောက်ပြီး အကြောလျှော့ နှိပ်နယ်ပေးကြလိမ့်မည်။ သင်က အောင်မြင်နေသူပဲ။ သင့်လိုအပ်ချက် မှန်သမျှကို သင် အချိန်ကုန်မခံရဘဲ ပြည့်ဝအောင် ဖြည့်ဆည်းပေးကြလိမ့်မည်။

လန်ဒန်မြို့တော်ရှိ မဟာအဖွဲ့အစည်းကြီးများတွင် နောက်ဆုံးပေါ် အလုပ်အကိုင်တစ်ခု ပေါ်ပေါက်နေသည်။ သူတို့ကတော့ "နေမှုပုံစံ မန်နေဂျာ"ဟု ခေါ်ကြသည်။ သူတို့၏ ကြော်ငြာများအရဆိုလျှင် သူတို့က "လုပ်ငန်းခွင် ပြင်ပရှိ မိမိတို့ ဘဝများကို စနစ်တကျ မစုစည်း မစီစဉ်နိုင်လောက်အောင် အလုပ်များလှသော ဩဇာအာဏာ ကြီးမားလှသည့် အရာရှိကြီးများအတွက် လိုအပ်ချက်များ စီစဉ်ဖြည့်တင်း" ပေးသည် ဆို၏။ သူတို့က အိမ်မွေးခွေးကလေးအား ကျောင်းပေးခြင်းမှသည် မင်္ဂလာဆောင်တစ်ခု ဖြစ်မြောက်သည်အထိ စီစဉ်ပေးမည် ဖြစ်ကြောင်း အာမဘာန္တေ ခံထားသည်။

အချိန်မဲ့သူများသည် "တစ်ခုခု လစ်ဟင်း"နေသည့် ခံစားချက်မျိုးတွေ တဖြည်းဖြည်း ကြီးထွားလာနေကြ၏။ သူတို့ကို တစ်ဦးတစ်ယောက်က လိမ်ညာတာ ခံနေရသလိုလို၊ အရူးလုပ်တာ ခံနေရသလိုလို။ သူတို့သည် လူ့ဘဝ၏ ပျော်စရာ အကောင်းဆုံး အနှစ်နှစ်ဆယ်ကာလကို ပြေးရင်းလွှားရင်း ကုန်လွန်ခဲ့ရ၏။ အခြားသူများ၏ တောင်းဆိုချက်

mgyoe.com

mgyoe.com


များကို ဖြည့်ဆည်းဖို့ ကုန်လွန်ခဲ့ရ၏။ သူတို့သည် ပစ္စည်းဥစ္စာတွေတော့ အတော်အသင့် စုဆောင်းပိုင်ဆိုင်ခဲ့ကြ၏။ သို့သော် သူတို့ရင်ကို တရွရွ ကိုက်ဖြတ်နေသည့် ခံစားချက်တစ်မျိုး ခံစားနေကြရသည်။ သူတို့မှာ သူတို့ ချစ်ခင်မြတ်နိုးသူများနှင့် တရင်းတနှီး ယုယုယယ ကြင်ကြင်နာနာ နေဖို့ အချိန်မရကြ။ တစ်ဦးနှင့်တစ်ဦး ပိုပြီး နက်ရှိုင်းလေးနက်သည့် ဆက်ဆံရေးတစ်ခု ဖြစ်ထွန်း ဖွံ့ဖြိုးလာအောင် ပျိုးထောင်ဖို့ အချိန်မပေးနိုင်ကြ။

အချိန် ဆင်းရဲခြင်းသည် ကြေကွဲဝမ်းနည်းစရာ ကောင်းပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့က "အောင်မြင်မှု" နောက်သို့ ကောက်ကောက်ပါအောင် လိုက်နေချိန်တွင် အချိန်ခေါင်းပါးခြင်းက ကျွန်တော်တို့ အမြတ်နိုးဆုံး တန်ဖိုးအထားဆုံးသူများကို တိုက်ခိုက်နေသောကြောင့် ဖြစ်၏။ အမျိုးသမီးတစ်ဦးက ကျွန်တော့်ထံ စာရေးပါသည်။

> အင်ဒီနဲ့ ကျွန်မ လက်ထပ်ချိန်မှာ ကျွန်မတို့ တစ်ယောက်ကို တစ်ယောက် အရူးအမူး ချစ်နေကြတာပေါ့ရှင်။ ကျွန်မတို့ နှစ်ယောက် ဘယ်အချိန်ကစပြီး ကွဲကွာလာတယ်ဆိုတာ ပြောဖို့ ခပ်ခက်ခက်ပဲ။ သူ့အလုပ်က တဖြည်းဖြည်း ပိုပို ကြီးကျယ်လာတယ်။ တောင်းဆိုမှုတွေ များလွန်းလာတယ်။ သူဟာ အလုပ်ခွင်က ပြန်လာရင် ကျွန်မအကြောင်း စိတ်ဝင်တစား မမေးနိုင်ဘူး။ သူရဲ့ တစ်နေ့တာ အတွေ့အကြုံတွေလည်း ဖောက်သည် မချနိုင်ဘူး။ အဲဒါတွေ မပြောနဲ့၊ ဟယ်လိုလို့တောင် နှုတ်မဆက်နိုင်လောက်အောင် ပင်ပန်းနွမ်းနယ်လာတာကလား။ အဲဒီအနေအထားကြီးကို ကျွန်မ မုန်းတယ်။ အော့နှလုံးနာတယ်။ ဒီလိုနဲ့ နှစ်တွေကြာလာတော့ ထူးဆန်းတဲ့ အကျင့်တစ်မျိုး ရလာတယ်ရှင့်။ ကျွန်မ

mgyoe.com

mgyoe.com


သူမရှိဘဲ နေတတ်လာတယ်လေ။ "ညည်းအတွက်ရော၊ ညည်းရဲ့ ကလေးတွေအတွက်ပါ ကြိုးစားအားထုတ်တဲ့အနေနဲ့ ညည်း ကိုယ့်ဘာသာ တစ်ကိုယ်တည်း နေတတ်အောင် အကျင့်လုပ်"လို့ ကျွန်မ ကိုယ်ထဲက တစ်ခုခုက ပြောနေသလိုပါပဲ။

အဲဒီနောက် တစ်နေ့မှာတော့ ကျွန်မ သူ့ကို မချစ်တော့ဘူး ဆိုတာ သဘောပေါက်လာတယ်။ ကြားချင်လွန်းလို့ တမ်းတ မျှော်လင့်ခဲ့ရတဲ့ သူ့အသံကို နားကြားပျင်းကတ်လာတော့တယ်။ ဒါကို သူလည်း ရိပ်မိပုံရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ တို့ ဆွေးနွေးချင်တယ်လို့ သူက ပြောလာလို့ပါပဲ။ ဩော်... ယုံနိုင်စရာ မကောင်းလောက်အောင်ပဲနော်။ ဒါပေမဲ့ ခုတော့ အချိန်တွေ သိပ်နောက်ကျသွားပါပြီ။ ဇာတ်လမ်းက ပြီးဆုံးခဲ့ပြီ လေ။

## အောင်မြင်မှု၏ အသက်

အောင်မြင်သူဆိုတာ ဘယ်လို အနေအထားမျိုးကို ခေါ်ပါသလဲ။ အောင်မြင်မှုကို ဘယ်လို တိုင်းထွာမည်လဲ။ မကြာသေးမီက လုံခြုံရေး အလွန် တင်းကျပ်သော အကျဉ်းထောင်တစ်ခုသို့ ရောက်သွားသည်။ ထိုထောင်တွင် အကျဉ်းကျနေသူ တချို့သည် တစ်နည်းတစ်ဖုံအားဖြင့် အလွန် အောင်မြင်သူများ ဖြစ်နေ၏။ လူတစ်ဦးဆိုလျှင် တစ်သက်တာ အတွင်း ကျွန်တော်တို့ မြင်ဖူးတွေ့ဖူးသည့် ငွေပမာဏထက် များပြားသော ငွေပမာဏကို ပိုင်ဆိုင်နေပြီ ဖြစ်၏။

ထိုမျှမကသေး ကျွန်တော် ကြားရသည့် ကောလာဟလ သတင်း များသာ မှန်မည်ဆိုပါက ထိုလူသည် အကျဉ်းခံကာလ ဆယ့်ငါးနှစ် ကုန်လွန်သွားသည့်တိုင် ထိုငွေတွေ ကျန်နေဦးမည် ဖြစ်၏။ သူ့ဇနီးနှင့်

mgyoe.com

mgyoe.com


သူ့မိသားစုသည် အိမ်ကြီးရခိုင်တစ်လုံးနှင့် နေထိုင်ကြ၏။ သူ့ကလေးတွေသည် အကောင်းဆုံးဆိုသည့် ကျောင်းများမှာ ပညာသင်နေ၏။ နောက်ပြီး သူ၏ 'လက်ဆပ်(စ်)' ဖိမ်ခံကားကြီးသည် ကားဂိုဒေါင်ထဲမှာ ရှိနေဆဲဖြစ်၏။ သို့သော် သူ ပေးဆပ်ခဲ့ရသည့် တန်ဖိုးသည် ကြီးမားလွန်းလှပေသည်။

ကဲ...ယခု ကျွန်တော်နှင့်အတူ လန်ဒန်မြို့တော်သို့ လိုက်ခဲ့ပါ။ ပြီးတော့ ဥပဒေအကျိုးဆောင်အဖွဲ့ တစ်ဖွဲ့သို့ သွားကြည့်ကြရအောင်။ ထိုအဖွဲ့တွင် ရှေ့နေအသစ်စက်စက် တစ်ဦးကို တွေ့ရမည်။ သူက တစ်နှစ်လျှင် ပေါင် ၅၀,၀၀၀ အပြင် ဆုကြေးများပါ ရရှိခံစားနေသူ။ သူ့လုပ်ဖော်ကိုင်ဖက်များဆိုလျှင် ငွေကို ထောင်ဂဏန်းဖြင့် မရေတွက်တော့သည်မှာ ကြာတောင် ကြာလှလေပြီ။ သူတို့အထဲမှ ရှေ့နေတစ်ဦးက ကျွန်တော့်အား ပြောပြခဲ့သည်မှာ...

"ကျွန်တော်တို့ မကြာခဏဆိုသလို မနက်မိုးလင်းအထိ အလုပ်လုပ်ကြရတယ်။ နောက်ပြီး သီတင်းပတ် ကုန်ရက်တွေမှာလည်း လိုအပ်ရင် လိုအပ်သလို လုပ်ရတာပဲ။ ဒါပေမဲ့ လုပ်ရကိုင်ရတာ သိပ်မဆိုးလှပါဘူး။ ကိုယ်စားချင်တဲ့ အစားအစာ သွားဝယ်ခိုင်းလို့ ရတယ်။ ပြီးတော့ ခဏတစ်ဖြုတ် အနားယူဖို့ အခန်းတစ်ခန်း ရှိတယ်။ အခန်းထဲမှာ ရုပ်မြင်သံကြားစက် တစ်လုံး ရှိတယ်။ ဆိုနီ သီချင်းစက် တစ်လုံးရှိတယ်။ တကယ်လို့ လိုအပ်မယ်ဆိုရင် ရေချိုးခန်းတွေ၊ အိပ်ခန်းတွေလည်း အသင့်ပဲဗျ"

ကျွန်တော် တင်ပြသွားသည့် လူနှစ်ယောက်၏ ဘဝသည် အကြီးအကျယ် ကွာခြားပါသည်။ တစ်ယောက်က ထောင်ထဲမှာ။ နောက်တစ်ယောက်က ဥပဒေအကျိုးဆောင် အဖွဲ့တစ်ဖွဲ့မှာ အမှုထမ်းနေသူ။ သို့သော် အဓိက ကွာခြားချက်ကတော့ ရှေ့နေသည် တရားရုံးသို့ မကြာ

mgyoe.com

mgyoe.com


ခဏ သွားခွင့်ရသည်။ တကယ်တော့ သူက နှစ်ပေါင်း လေးဆယ် အကျဉ်းကျနေသူ။ ဆယ့်ငါးနှစ်လောက်ကျသူ မဟုတ်တော့။

လွန်ခဲ့သည့် နှစ်အနည်းငယ်တုန်းက နယူးယောက်မှာ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေကွန်ဖရင့်သို့ ကျွန်တော် တက်ရောက်ခဲ့၏။ အမေရိကန် ဥပဒေအကျိုးဆောင် အဖွဲ့ကြီးတစ်ဖွဲ့မှ အကြီးတန်း အမှုဆောင်တစ်ဦးက ရှင်သန်ကြီးထွားလာသော ဥပဒေ အကျိုးဆောင် လုပ်ငန်းအတွက် မဟာဗျူဟာတစ်ရပ် ချမှတ်ဖို့ လမ်းကြောင်း ချပေးခဲ့သည်။

"ကျွန်တော်တို့ရဲ့ လူငယ်ရှေ့နေကလေးတွေ လုပ်ခအပြည့်နဲ့ တစ်နှစ်ကို နာရီပေါင်း ၂၅၀၀ အထိ အလုပ်လုပ်စေချင်တယ်။ ဒါကြောင့် ရုံးတွေမှာ အိမ်အသုံးအဆောင်ပစ္စည်းတွေ တပ်ဆင်ပေးထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ အိမ်ကို ပြန်တာဟာ စည်းချက်မှန်နေတဲ့ သူတို့ရဲ့ အလုပ်ရှိန်တွေ ပျက်ပျက်ကုန်လို့ပဲ"

ထိုအခါ ဥက္ကဋ္ဌဖြစ်သူက သူ့ဘက်လှည့်ကြည့်ပြီး မေးသည်။

"ဒါပေမဲ့ ဆမ်၊ မီးစာကုန်ဆီခန်း ဖြစ်ကုန်မယ့် ကိစ္စကျတော့ ဘာလုပ်ကြမလဲ"

"ပြဿနာ မရှိပါဘူး လယ်ရီ၊ သူတို့ မီးစာကုန်ဆီခန်း ဖြစ်သွားရင် ကျွန်တော်တို့ သူတို့ကို မလိုချင်တော့ဘူးလေ"ဟု အကြီးတန်း အမှုဆောင်က မဆိုင်းမတွ ပြန်ပြောခဲ့လေသည်။

ဤကား အုပ်ချုပ်ရေး အတွေးအခေါ် အဟောင်းကြီးပါတည်း။ တစ်စုံတစ်ဦးအား အသက်နှစ်ဆယ်ကျော်ကလေးတွင် အလုပ်ခန့်ထားပြီး အသက်သုံးဆယ်ကျော်၊ လေးဆယ်နီးပါးတွင် ချုံးချုံးကျသွားအောင် မတရား ခိုင်းပစ်။ သည်လူတွေ အသက်လေး ဆယ်အရွယ်တွင် ပထမ ဦးဆုံးအကြိမ် နှလုံးရောဂါဖောက်။ လေးလလောက် အနားယူ။ နောက်

mgyoe.com

mgyoe.com


ပြီး လုပ်ငန်းခွင် ပြန်ဝင်။ အသက် ငါးဆယ်ကျတော့ ဒုတိယအကြိမ် နှလုံးရောဂါဖောက်။ ကျန်းမာရေး ညံ့ဖျင်းမှုကြောင့် အငြိမ်းစားယူ။ ထို့နောက် လူသစ်အုပ်စုတစ်စုနှင့် တွဲပြီး တစ်ကနေ ပြန်စ။

သည်တော့ အလုပ်ချိန်များဖို့က အဓိကလား။ အလုပ်ပြီးစီးသည့် ပမာဏက အဓိကလား ဆိုသည့် မေးခွန်း ပေါ်လာတော့၏။

ဘယ်လုပ်ငန်းမျိုးမှာမဆို လိုအပ်လျှင် လိုအပ်သလို အချိန်ပို နာရီပေါင်းများစွာ အလုပ်လုပ်နိုင်သည့် အမျိုးသားတွေ၊ အမျိုးသမီးတွေ လိုအပ်သည် မှန်၏။ သို့သော် လိုလို၊ မလိုလို အချိန်ပိုရောဂါ စွဲကပ်နေတာကတော့ မကောင်းပါ။ သူတို့သည် အလုပ်ခွင်သို့ အစောကြီး လာမည်။ နောက်ကျမှ ပြန်မည်။ အလုပ်ခွင်မှ ပြန်တော့လည်း အိမ်မှာ လုပ်ဖို့ အလုပ်တွေ သယ်သွားသေးသည်။ သူတို့က ဆင်ခြေပေးကြသည်။ "ဒီဌာနမှာ အလုပ်နဲ့လက်နဲ့ ပြတ်ရတယ် မရှိဘူး။ အလုပ်တွေက လာလိုက်ရင်လည်း ဖုတ်ပူမီးတိုက်ချည်းပဲ" ဟု။ ဟုတ်ကဲ့။ အလုပ်များပါသည်။ အပြေးအလွှား လုပ်ရသည်။ ယင်းသို့ ဖြစ်နေခြင်းမှာ အကြောင်း အချက်ပေါင်းများစွာ ပေါ်တွင် တည်နေ၏။

ဦးစွာ ပြောရမည်ဆိုလျှင် လုပ်ငန်းဌာန တော်တော်များများတွင် အလုပ်နှင့်လက်နှင့် မပြတ်အောင်လုပ်သည့် ယဉ်ကျေးမှု ထွန်းကားနေသည်။ အရာရှိမတစ်ဦးက ပြောပြဖူးသည်။ "အလုပ်တွေ ပြီးပြတ်နေပေမဲ့ လည်း ညနေ ၆ နာရီမှာ မပြန်ရဲဘူးရှင့်။ ဒီမှာက အားကောင်းမောင်းသန် လုပ်ပြနိုင်စွမ်းရှိတယ် ဆိုတဲ့ အစွဲကြီး ရှိနေတယ်။ ဒီတော့ ည ၉ နာရီ လောက်ရောက်မှ ပင်ပန်းနွမ်းနယ်နေတဲ့ ပုံစံနဲ့ ပြန်ရတယ်လေ" ဟူ၏။

ငွေကြေး အဖွဲ့အစည်းတစ်ခုမှ ကျွန်တော်သိသည့် ညွှန်ကြားရေး မှူး နှစ်ဦးရှိသည်။ သူတို့နှစ်ယောက်သည် နံနက် ၆ နာရီ ခေါင်ခနဲ ထိုးသည်နှင့် ကိုယ့်ရုံးခန်းသို့ ကိုယ်ရောက်နေကြစမြဲ။ သူတို့ နှစ်ယောက်

mgyoe.com

mgyoe.com


ထဲမှ တစ်ယောက်က ခွင့်ယူထားသည် ဆိုလျှင်တော့ ကျန်တစ်ယောက်က ၈း၃၀ မှ ရုံးကို လာလေသည်။

လူတွေ သတိမမူမိသည့်အချက်မှာ ဌာနတော်တော်များများရှိ ဌာနကြီးမှူး တော်တော်များများသည် စိတ်မလုံဝေဒနာ စွဲနေကြခြင်းဖြစ်၏။ သူတို့သည် အလွန် အောင်မြင်သူများ ပုံပေါက်နေ၏။ သည်တော့ သူတို့ကို အခြားသူများက ဘယ်လို ထင်ကြမည်လဲ။ ဘယ်လိုမြင်ကြမည်လဲ ဟူသော မေးခွန်းကို သူတို့အတွေးက ထာဝစဉ် စိုးမိုးနေသည်။ လုပ်ငန်းခွင်မှာသာ မဟုတ်၊ သူတို့ဘဝ၏ ကဏ္ဍအသီးသီးတွင်လည်း သူတို့ကို ထိုမေးခွန်းကပင် မောင်းနှင်နေ၏။ သူတို့သည် လူတကာတိုင်းထက် ပိုပြီး အလုပ်လုပ်သည်ဟု အထင်ရောက်စေချင်ကြသည်။ စကားလုံး အသုံးအနှုန်းကို နည်းနည်းကလေး သတိထားမှတ်သားလိုက်စေလိုပါသည်။ လူတကာထက် *ပိုပြီး အလုပ်လုပ်သည်*ဟု အထင်ရောက်စေခြင်း။ *ပိုပြီး အလုပ်လုပ်ခြင်း*ပါ။

ပိုပြီး ထိရောက်အောင် သို့မဟုတ် ပိုပြီး ကောင်းအောင် လုပ်ခြင်းမဟုတ်။ ပိုပြီး ပါးပါးနပ်နပ် ကျွမ်းကျွမ်းကျင်ကျင် လုပ်ခြင်း မဟုတ်။ ပိုပြီး အလုပ်လုပ်ခြင်း၊ ပိုပြီး ကျုံးရုန်း အလုပ်လုပ်ခြင်းပါ။ သူတို့ပြောသည့် *ပိုပြီး အလုပ်လုပ်ခြင်း*သည် ပိုပြီး *အချိန်ကြာကြာ အလုပ်လုပ်ခြင်း* ဖြစ်နေတတ်ပါသည်။

သည်လို အတွေးအမြင်မျိုး ကိုင်စွဲပြီး သူတို့ဘာသာ သူတို့ကျင့်ကြံနေခြင်းက အကြောင်းမဟုတ်။ သို့သော် အလုပ်ကြိုးစားခြင်းကို အပြင်ပန်း အသွင်အပြင်ကြည့်ပြီး ဆုံးဖြတ်တတ်သည့် အကျင့်မျိုး လူတိုင်းခေါင်းထဲမှာ စွဲသွားအောင် အဆိုပါ ဌာနကြီးမှူး ကိုကို၊ မမများက ဖန်တီးနေခြင်းက အကြောင်းဖြစ်၏။ ထိုသို့သော ဌာနများတွင် ရည်မှန်းချက်ထက် သာလွန်အောင် စွမ်းဆောင်နိုင်သူများ၊ အရောင်းမြှင့်တင်

mgyoe.com

mgyoe.com

နိုင်သူများ ရှိ၏။ သို့သော် သူတို့ကို အချိန်ပို ထိုင်ပြီး လုည့်စားသည့် အစွဲကို လက်မခံ ငြင်းပယ်ကြသည်။ ထိုသို့သော သူများကျတော့ တာဝန်မယူတတ်သူများဟု တံဆိပ်တပ် ခံကြရလေသည်။

အလုပ်ဌာနများတွင် "ခင်ဗျားတို့ အချိန်ပိုတွေ ဘယ်လောက်ကြာကြာ ထိုင်ပြီး အလုပ်လုပ်တယ်ဆိုတာ လာမပြောနဲ့၊ အလုပ်တွေ ဘယ်လောက် ပြီးသွားပြီလဲ ဆိုတာပဲ လာပြော" ဟူသော စကားမျိုး ပြောသည့် ခေါင်းဆောင်သစ်များ ယနေ့ လိုအပ်နေပြီ ဖြစ်၏။

အချိန်ပိုတွေ ဆင်းပြီး နေ့မနား၊ ညမနား အလုပ်လုပ်သည့် ယဉ်ကျေးမှုနှင့် ပတ်သက်၍ သူ့ထင်မြင်ချက် ဘယ်လိုရှိသလဲဟု အင်ဂျင်နီယာဌာန အကြီးအကဲ "ဇစ်ကီကင်း"ကို မေးကြည့်ခဲ့၏။ ထိုအခါ သူက လိုရင်းကို ဒိုးဒိုးဒေါက်ဒေါက် အဖြေပေးခဲ့၏။ ဆူရှီဟင်းလျာ ချက်မယ့် စားဖိုမှူးတစ်ဦးဟာ မှိုတွေကို နုပ်နုပ်စဉ်း ပစ်တတ်သလို အနားပေးပြီး အားဖြည့်ထားတဲ့ ဒိုင်နမို တစ်လုံးသည်လည်း အလုပ်တွေ တစ်ပုံတစ်ပင်ကြီးကို ဖြိုပြစ်နိုင်သည်ဟု သူမက ပြောသည်။ "အလုပ်တစ်ခုပြီးဖို့ အချိန်အကြာဆုံး လုပ်ရတဲ့ လူတစ်ယောက်ကို ကျွန်မတို့က ဘာကိစ္စ ဆုချနေရမှာလဲ"ဟု သူက ထောက်ပြသည်။ မိမိတို့တွင် ရုံးခန်းပြင်ပမှာလည်း ဘဝများ ရှိနေကြောင်း သရုပ်ပြနိုင်သည့် အလုပ်ဌာနကြီးမှူးများ လိုအပ်နေပါသည်ဟု ဇစ်ကီက ပြောသည်။ နောက်ပြီး တကယ်တမ်း ထက်မြက်သူများသည် သူတို့၏ အောင်မြင်မှုဖြင့် သူတို့ကိုယ်သူတို့ လွတ်မြောက်အောင် စွမ်းဆောင်နိုင်သည်များ ဖြစ်သည်။ အောင်မြင်မှုကြောင့် ဝက်သစ်ချသား နံရံများကာထားသည့် အကျဉ်းခန်းထဲမှာ အကျဉ်းခံနေသူများ မဟုတ်ဟုလည်း ဇစ်ကီက ပြောခဲ့၏။

နေ့မအား၊ ညမအား အလုပ်လုပ်သည့် ယဉ်ကျေးမှု ခေတ်စားနေသည့် ဒုတိယအကြောင်းရင်း ရှိသေးသည်။ ဤအကြောင်းရင်းကတော့

mgyoe.com

mgyoe.com


ကျွန်တော်တို့ သင်္ချာအတွက်အချက် ညံ့ဖျင်းကြခြင်းကြောင့် ဖြစ်၏။ တစ်နှစ်လျှင် ပေါင် ၅၀,၀၀၀ ရသည့် ရှေ့နေများအကြောင်း တစ်ချက်လောက် ပြန်စဉ်းစားကြည့်ကြရအောင်။ သူတို့ တော်တော် ဝင်ငွေကောင်းသည် ထင်ရ၏။ ဟုတ်လား၊ ဝင်ငွေ တကယ်ကောင်းရဲ့လား။ ထိုလူငယ်တွေထဲက တော်တော်များများသည် တစ်နေ့ ၁၄ နာရီ၊ တစ်ပတ် ခြောက်ရက် အလုပ်လုပ်နေကြရသည်။ ဆိုပါစို့ တစ်နှစ်လျှင် သီတင်းပတ်ပေါင်း ၄၀။ သည်တော့ သူတို့၏ တစ်နာရီ လုပ်ခနှုန်းသည် ၁၂ ဒသမ ၄၀ ပေါင် ရှိသည်။ အခြားရှေ့နေ တစ်ဦးသည် နံနက် ၈ နာရီတွင် ရုံးတက်သည်။ ညနေ ၆ နာရီ တွင် ရုံးဆင်းသည်။ တစ်ပတ်လျှင် နာရီ ၅၀ အလုပ်လုပ်သည်။ သူ၏ တစ်နှစ်ဝင်ငွေသည် ပေါင် ၃၀,၀၀၀ ရသည်ဆိုလျှင် သူ၏ တစ်နာရီ လုပ်ခနှုန်းသည် တစ်နှစ် ပေါင် ၅၀,၀၀၀ ရသူနှင့် အတူတူ ဖြစ်၏။ တစ်နှစ်လျှင် ပေါင် ၅၀,၀၀၀ ရသူများသည် သုံးဖို့ဖြုန်းဖို့ ငွေပိုငွေလျှံရသည်ကို ကျွန်တော် သဘောပေါက်ပါသည်။ ပြဿနာက တစ်ခုပဲရှိသည်။ သုံးဖို့ဖြုန်းဖို့ရသည့် ငွေပိုငွေလျှံများကို သုံးဖို့ ဖြုန်းဖို့ သူတို့မှာ အချိန်မရှိခြင်း ဖြစ်၏။ လူ့ဘဝမှာ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် နေလို့ရအောင် မိမိ၏ဝင်ငွေနှင့် မိမိ၏ နေမှုပုံစံ ဟန်ချက်ညီညီ ထိန်းနိုင်ရေးကို လူတွေ ဘယ်တော့များမှ မျက်စိဖွင့်ကြည့်လာကြပါမည်လဲ။

တစ်ချိန်တွင် ကုမ္ပဏီ ဒါရိုက်တာတစ်ဦးအား သူ၏ နေမှုပုံစံအကြောင်း ပြောပြဖို့ ကျွန်တော် မေတ္တာရပ်ခံခဲ့သည်။

"ကျွန်တော် မနက် ၇း၃၀ မှာ ရုံးကိုရောက်တယ်။ ည ၉ နာရီမှာ အိမ်ပြန်တယ်"ဟု သူက ပြောသည်။ စနေနေ့တွေပါ အလုပ် ဆင်းကြောင်း သူက ပြောသည်။ "တနင်္ဂနွေတွေကျတော့ကော" ဟု ကျွန်တော်က မေးတော့ "တစ်ခါတစ်ခါကျ တနင်္ဂနွေနေ့တွေလည်း သွားတယ်ဗျ။

mgyoe.com

mgyoe.com


ဒါမှ တနင်္လာနေ့ကျ ကျွန်တော့်စားပွဲပေါ်မှာ ရှင်းနေအောင် အလုပ်လက်ကျန်ကလေးတွေ သွားဖြတ်တာလေ"ဟု သူက ဖြေသည်။

သည်လို နေထိုင် အလုပ်လုပ်လာတာ ဘယ်လောက် ကြာပြီလဲဟု မေးကြည့်တော့ သူ့အဖြေက "နှစ်ဆယ့်ခုနစ်နှစ် ပြည့်တော့မယ်ဗျ" တဲ့။ သူသည် အပတ်စဉ် အပတ်တိုင်း တနင်္ဂနွေနေ့ရောက်လျှင် သို့မဟုတ် နေ့စဉ်နေ့တိုင်း ဖြစ်ချင်လည်း ဖြစ်နေမည်၊ သူ့ကိုယ်သူ ပြောမိကောင်း ပြောမိနေပါလိမ့်မည်။ "အင်း...ဒီအချိန်ကတော့ အလုပ်များတဲ့ အချိန်မို့လို့ပါလေ။ သိပ်မကြာမီအတွင်း ဘဝက အေးအေးချမ်းချမ်း ဖြစ်လာမှာ"ဟူ၍။ သို့ပေမဲ့ သူ့ကျန်းမာရေးက ယိုယွင်းသွားပြီ။ သူ့ကလေးတွေက အရွယ်ရောက်လာကြပြီ။ နောက်ပြီး သူ့ကို တစ်ယောက်ယောက်က တစ်နည်းတစ်ဖုံဖြင့် လိမ်ညာလှည့်ဖြားနေသည် ဟူသော ခံစားချက်ကြီးက သူ့အား တရွရွ ကိုက်ဖဲ့ ဝါးမျိုနေလေပြီ။

နောက်တစ်ချီမှာတော့ အစုစပ် လုပ်ငန်းရှင် ငါးဦးနှင့် ကျွန်တော် စကားပြောဖြစ်သည်။ သူတို့အားလုံး အသက်သုံးဆယ် ဝွန်းစကလေးပဲ ရှိကြသေးသည်။ စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ ကျွန်တော့် အကြံဉာဏ်များကို သူတို့က တောင်းခံကြသည်။ သည်တစ်ချီလည်း ကျွန်တော် သူတို့ကို မေးမိသည်။ သူတို့၏ နေမှုပုံစံများကို ပြောပြဖို့။

"ကျွန်မတို့ မနက် ၇ နာရီမှာ အလုပ်စတယ်။ ည ၉ နာရီမှာ အလုပ်သိမ်းတယ်။ တစ်ပတ်ကို ခြောက်ရက် အဲဒီအတိုင်း အလုပ်လုပ်ကြတယ်"ဟု သူတို့အထဲမှ တစ်ယောက်က ရှင်းပြသည်။

"ဒီတော့ ကျွန်တော်က ဘယ်လို အကူအညီပေးရမလဲ" ဟု ကျွန်တော် မေးလိုက်၏။

သူက "ကျွန်မတို့ လုပ်ငန်းကို တိုးချဲ့ချင်တယ်"ဟု လျင်မြန်စွာ ဖြေသည်။

mgyoe.com

mgyoe.com


"ဪ...ဒါများဗျာ လွယ်ပါတယ်၊ ခင်ဗျားတို့ မနက် ၆ နာရီမှာ အလုပ်စပြီး ည ၁၀ နာရီမှာ အလုပ်သိမ်း။ အဲဒီအတိုင်း တစ်ပတ် ခုနစ်ရက် အလုပ်လုပ်ပေါ့ဗျာ"

သူတို့အုပ်စုထဲမှာ တစ်ယောက်က ကျွန်တော့်ကို ယိုးစွပ်သော အကြည့်ဖြင့် မော့ကြည့်ပြီး ပြောလိုက်၏။ "ရှင်...ကျွန်မတို့ကို ဟားနေတာလား"တဲ့။

"ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ၊ ဒါပေမဲ့ ခင်ဗျားတို့ အားလုံးအတွက် ကျွန်တော် အကြီးအကျယ် စိုးရိမ်နေမိတာက အသက် ၄၀ ရောက်ရင် ခင်ဗျားတို့ ဒီထက်မက ချမ်းသာကြွယ်ဝလာကြမှာပဲ။ ဒါပေမဲ့ ဒီနှစ်ကာလတွေကိုတော့ ခင်ဗျားတို့ အချိန်မဲ့သူများအဖြစ် ကုန်လွန်ကြရလိမ့်မယ်"ဟု ကျွန်တော် ရှင်းပြလိုက်ရပါသည်။

တွမ်ပီတာ(စ်)ဆိုသည့် စီမံခန့်ခွဲမှုပညာ ဂုရုကြီးသည် တစ်နှစ်လျှင် မိုင်တစ်သန်းအထိ လေယာဉ်ဖြင့် ခရီးသွားခဲ့သည် ဆို၏။ သည်လောက် အလုပ်ပိခံရခြင်း၏ ရလဒ်အဖြစ် သူ၏ အလုပ်နှင့် ဘဝဟန်ချက် ညီ၊ မညီကို ခဏခဏ အမေးခံခဲ့ရ၏။ သူက "ခင်ဗျား အလုပ်ကိုမှ တကယ်တမ်း ထိတွေ့စိတ်ဝင်စားမနေဘူး ဆိုရင် အဲဒါ ကြီးလေးတဲ့ ပြစ်မှုပဲ"ဟု Real Business မဂ္ဂဇင်းကို ပြောခဲ့၏။ သို့သော် နေ့မအား၊ ညမအားအလုပ်လုပ်သည့် ယဉ်ကျေးမှုကိုတော့ သူ နည်းနည်း သံသယရှိကြောင်း ဝန်ခံခဲ့သည်။ "ကျွန်တော့် ချာတိတ်တွေ ကန်တဲ့ ဘောလုံးပွဲအများကြီးကို မကြည့်နိုင်တာကို ကျွန်တော်က ဝမ်းမြောက်ဝမ်းသာဖြစ်နေရမလား၊ မဖြစ်နိုင်ဘူး"ဟု သူက ပြောသည်။ သို့ဖြစ်သော်လည်း စကားတစ်ခွန်း ပြောရာတွင်မူ သိပ်ပြီး စိတ်စနိုးစနောင့် ဖြစ်ဟန်မပေါ်ပေ။ သူပြောခဲ့သည်မှာ "စစ်အတွင်းတုန်းက ဝင်စတန်ချာချီဟာ သူ့သားလေးတွေ ကန်တဲ့ ဘောလုံးပွဲ တချို့ကို အားမပေးနိုင်ခဲ့ဘူး။ ဒါကို ကျွန်တော်

mgyoe.com

mgyoe.com


တို့က ဝမ်းသာရမှာလား။ ဟုတ်ကဲ့၊ စစ်ကာလအတွင်းတုန်းက မစ္စတာ ချာချီ တစ်နေ့ကို ၂၆ နာရီ အလုပ်လုပ်ခဲ့တာကို ကျွန်တော် ဝမ်းသာ ရမှာပဲ” ဟူ၏။

သူ ဝမ်းသာသလို ကျွန်တော်လည်း ဝမ်းသာပါသည်။ သို့ဖြစ်စေ ကာမူ ဗရုတ်သုတ်ခ ထိုခေတ်ဆိုး၊ ခေတ်ပျက်ကြီးအတွင်းပင် ဖြစ်သော် လည်း ကြီးမြတ်သော ခေါင်းဆောင်ကြီးတွင် အရည်အချင်း တစ်ရပ် ရှိခဲ့၏။ ယခုခေတ် ခေတ်သစ်စီးပွားရေး ခေါင်းဆောင်များမှာပင် ချို့တဲ့ သည့် အရည်အချင်း။ စစ်ကြီးပြီးသွားသောအခါမှာတော့ ၎င်းအားနည်း ချက်များကို မစ္စတာချာချီ သိအောင်၊ မြင်အောင် အားထုတ်ခဲ့လေသည်။

မိခင်ဖြစ်သူအား မေးမြန်းနေသည့် ကလေးငယ်တစ်ဦးကို ကျွန်တော် ထောက်ထားစာနာမိပါသည်။ “ဖေဖေက တခြား ကောင်လေးတွေရဲ့ ဖေဖေတွေထက် နောက်ကျပြီးမှ အိမ်ပြန်ပြန်လာတာ ဘာဖြစ်လို့လဲ မေမေ”

“အဲ...ရိုးရိုး အလုပ်ချိန်အတွင်း သူ့အလုပ်တွေ အကုန်လုံး ပြီးစီး အောင် မလုပ်နိုင်လို့ပေါ့ သားရယ်”

ချာတိတ်က ခဏ တွေပြီး စဉ်းစားနေသည်။ ပြီးမှ ပြောလိုက် သည်မှာ “သူတို့က ဖေဖေ့ကို ဘာဖြစ်လို့ ပိုပြီး နှေးနှေးသင်တဲ့ အတန်းမှာ မတက်ခိုင်းကြတာလဲ ဟင်” ဟူ၏။

* * *

mgyoe.com

mgyoe.com

## ပြန်လှန်ဆွေးနွေးချက် အကျဉ်းချုပ်

**လုပ်ငန်းခွင်မှာ တွေ့ရမည့် အန္တရာယ် လက္ခဏာများ**

- သင် နောက်ဆုံး တာဝန်ယူထားရသည့် စိမံချက်ထဲမှာ သင် ခေါင်းမဖော်နိုင်သေး။ သင့်စီမံချက် လက်စသတ်သွားအောင် ဘယ်သူမှ ဝိုင်းကူလို့ မရနိုင်။
- သင်သည် လူတကာထက် ပိုပြီး နေ့မအား၊ ညမအား အလုပ် လုပ်မည်။
- အလုပ်နှင့်ဘဝ ဟန်ချက်ညီအောင် ထိန်းနိုင်သည့် သင့် လုပ်ဖော်ကိုင်ဖက်များကို သင် မကျေမချမ်း ဖြစ်မည်။
- သင့်အလုပ်များကို ညစဉ်ညတိုင်းနှင့် သီတင်းပတ် ကုန်ရက် တိုင်းတွင် အိမ်သို့ ယူလုပ်မည်။
- သင်၏ အချိန်ဇယားအရ သင့်မှာ ဆန်းသစ်တီထွင်ဖို့နှင့် မဟာဗျူဟာ ချမှတ်ဖို့ စဉ်းစားတွေးခေါ်ချိန် မရှိ။
- အလုပ်ပိနေချိန်များတွင် သင့် လုပ်ဖော်ကိုင်ဖက်များနှင့် သင့် မိသားစုဝင်များကို စိတ်မရှည်နိုင်ဘဲ ချောက်ချောက်ချားချား ဖြစ်နေမည်။

mgyoe.com

mgyoe.com


- အခြားသူများအား တာဝန်များ ခွဲဝေပေးချင်စိတ် မရှိလောက်အောင် ဖြစ်လာမည်။
- ညင်သာသိမ်မွေ့ပြီး အပြုသဘောဆောင်သော ဝေဖန်ချက်မျိုးကိုပင် လက်မခံနိုင်လောက်အောင် ဆတ်ဆတ်ထိမခံ ဖြစ်လာမည်။
- အရေးအခင်း ကာလများတွင် သင်၏ တုံ့ပြန်ချက်များသည် စိတ်လိုက်မာန်ပါဖြစ်နေပြီး ရောဂါနှင့်ဆေး မမျှအောင် ဖြစ်နေမည်။

သင့်ကိုယ်တွင်းမှာ တွေ့ရှမည့် အန္တရာယ် လက္ခဏာများ

- ခေါင်းကိုက်ဝေဒနာ တိုးလာမည်။
- အရေပြား ယားယံခြင်းများ ဖြစ်လာမည်။
- ခြေကုန်လက်ပန်းကျချိန် တာရှည်လာမည်။
- ဝမ်းဗိုက်နှင့် ပတ်သက်သည့် ရောဂါ ထွေပြားလာမည်။
- မကြာခဏ ဆိုသလို အားလပ်ရက်တွင် နေမကောင်း ဖြစ်မည်။
- စိတ်တို ဒေါသ ထွက်လွယ်လာမည်။
- အာရုံစူးစိုက်နိုင်စွမ်းမရှိဘဲ ဖြစ်လာမည်။
- မဖြစ်လောက်သော အသေးမွှားဆုံး ကိစ္စကလေးများကိုပင် စိတ်အနှောင့်အယှက် ဖြစ်နေမည်။ ဥပမာ...တစ်ချက်၊ နှစ်ချက် ခြစ်ရုံဖြင့် မီးခြစ်က မီးမတောက်ခြင်းမျိုး။

mgyoe.com

mgyoe.com


သင့်မိသားစုတွင်းမှ တွေ့ရမည့် အန္တရာယ် လက္ခဏာများ

- သင့် သားသမီးများက သူတို့၏ အောင်မြင်မှုများနှင့် ၎င်းတို့၏ အခက်အခဲများအကြောင်း သင့်အား ဖွင့်ဟမပြောတော့ဘဲ နေမည်။
- သင့် အိမ်ထောင်ဖက်သည် အပစ်ပယ်ခံရသူလို ခံစားနေရမည်။ သင်က တခြိမ်းခြိမ်း ရန်ဖြစ်နေမည့်အစား ရေငုံနှုတ်ပိတ် ဆိတ်ဆိတ်နေမည်။ သင်တို့ တစ်ဦးနှင့်တစ်ဦး ဝေးသည်ထက် ဝေးလာမည်။
- မိသားစုနှင့် ပတ်သက်သည့် အရေးကြီးသော ဆုံစည်းပွဲများသို့ တက်ရောက်ဖို့ ခဏခဏ နောက်ကျနေမည်။
- သင့် ငွေရေးကြေးရေး အနေအထားသည် ပရမ်းပတာ ဖြစ်လာမည်။
- "မကြာမီအတွင်း တို့တစ်တွေ အချိန်ပိုရလာမှာပါ"ဟု သင်ပြောသောအခါ သင့်စကားကို သင် တကယ်ပင် ယုံကြည်နေမည်။

သင့်မိတ်ဆွေတွေထံမှ တွေ့ရမည့် အန္တရာယ် လက္ခဏာများ

- အပြင်ထွက် စားကြသောက်ကြသောအခါ သင်သည် လုပ်ငန်းခွင်ဝတ် ဝတ်စုံဝတ်ဆင်လျက်သာ စားလေ့သောက်လေ့ ဖြစ်လာမည်။
- သင့်ဝန်းကျင်မှာရှိသည့် ကမ္ဘာလောကနှင့် အဆက်အသွယ်ပြတ်နေမည်။ လတ်တလော ဖြစ်ရပ်များ၊ အားကစား၊ အနုပညာ လုပ်ငန်းများ၊ ရုပ်ရှင်များအကြောင်း ဘာမှ မသိတော့။
- ပုံမှန် စကားစမြည် ပြောနေလျှင် သင့်မျက်လုံးတွေ ကြောင်

mgyoe.com

mgyoe.com


တောင်တောင် ဖြစ်နေမည်။ အသက်မဲ့နေမည်။ အလုပ်အကြောင်းပြောမှ သင့် မျက်လုံးတွေ အရောင်တောက်လာမည်။ အသက်ဝင်လာမည်။

- သင့် မိတ်ဆွေများက သင့်ထံ ဖုန်းမဆက်ကြတော့။
- အတိုချုပ် ပြောရလျှင် သင်သည် ဆက်ဆံရတာ စိတ်ပျက်ငြီးငွေ့စရာ ကောင်းသူတစ်ဦး ဖြစ်နေ၏။

### လမ်းမှန်ပေါ် ပြန်ရောက်အောင် အားထုတ်ခြင်း

- သင့်ဘဝ အဓိပ္ပာယ်မဲ့သလို ဖြစ်လာခြင်းသည် သင်၏ လူနေမှု အဆင့်အတန်း တိုးမြင့်လာခြင်းနှင့် တိုက်ရိုက် ဆက်နွှယ်နေသလားဆိုတာ ချင့်တွက်ပါ။ လူများစုသည် သူတို့၏ အချိန်ကို ငွေနှင့် ဖလှယ်ကြ၏။ ထိုလမ်းကြောင်း နောက်သို့ သောကဖိစီးမှုနည်းသော နေမှုပုံစံတစ်ရပ် ထူထောင်နိုင်အောင် ဝင်ငွေ သို့မဟုတ် အသုံးစရိတ် လျှော့ချဖို့ လိုမည်လား ဆိုတာ လေ့လာဆန်းစစ်ပါ။ သင် လုပ်နေတာတွေကို မလုပ်တော့ဘဲ ရပ်မပစ်လိုက်ပါနှင့်။ ယခင်နှင့်မတူ မူကွဲအောင်သာ လုပ်ပါ။ ဆိုပါစို့၊ ငွေကုန်ကြေးကျမများမည့် ကိစ္စများကို ပြုလုပ်ခြင်း။ တစ်နည်းဆိုရလျှင် "အချိန်နည်းနည်း ဆွဲလိုက်ပါ" အချိန်ဆွဲရမည့် ကိစ္စမှာ ကြီးမားသော ဆုံးဖြတ်ချက်များ ချမှတ်ဖို့ ဖြစ်ချင်ဖြစ်နေမည်။ မိမိဆောက်မည့် အိမ်အရွယ်အစား၊ မိမိဝယ်မည့် ကားအမျိုးအစား၊ အားလပ်ခွင့်ယူမည့် ရက်အရေအတွက် စသည်ဖြင့်။ သင်သည် အကျပ်အတည်း ကြုံနေရသည့် ကာလများမှာပင် လျှင် "သူတို့က နှစ်စဉ်နှစ်တိုင်း တစ်နှစ်တစ်ကြိမ် ကား

mgyoe.com

mgyoe.com


အသစ် လဲစီးနေကျလေ” ဟူသော လူတွေ၏ အတွေးအမြင်ကို သင့် ခေါင်းထဲက မောင်းထုတ်ပစ်လိုက်ပါလေ။

- သင် နေ့မအား၊ ညမအား အလုပ်လုပ်ခြင်းသည် သင် တာဝန်ယူထားသည့် အလုပ်ပြီးမြောက်ရေးထက် သင်သည် “အလုပ်ကြိုးစားသူ”ဖြစ်သည်ဟု လူတွေက အသိအမှတ်ပြုစေရေးက ပိုနေသည်ဆိုတာ ဖြစ်နိုင်၊ မဖြစ်နိုင် ချင့်တွက်ပါ။ အကြောင်းအချက် တစ်ခု မှန်ကန်ကြောင်း သက်သေထူဖို့ ရုံးမှာ နောက်ကျခံပြီး နေလိုစိတ်ကို ချုပ်တည်းပါ။ အလွတ်လပ်ဆုံး ဆိုသူတွေက သူတို့သည် မှန်ကန်ကြောင်း သက်သေပြဖို့ မလို၊ သက်သေပြစရာ ဘာမျှမရှိဟု ခံယူကြသည်။ ထက်မြက်သော အမှုဆောင်အရာရှိချုပ် တစ်ဦးက သူ၏ အမှုထမ်း အသစ်များအား မှာကြားလေ့ရှိသည့် စကား တစ်ခွန်းမှာ “ကျုပ်တို့ အဖွဲ့အစည်းမှာ အလုပ်တစ်ခုပြီးဖို့ နာရီပေါင်းများ ဘယ်လောက်ကြာကြာ လုပ်ရတယ် ဆိုတာကို အလေးမထားဘူး။ အဲဒီလောက်ကြာတဲ့ နာရီတွေအတွင်းမှာ အလုပ်ဘယ်လောက်များများ ပြီးသလဲဆိုတာပဲ အလေးထားတယ်” ဟူ၏။

- ကြည့်မှန်ကို ကြည့်ပြီး “ဟင့်အင်း”ဟု အပြောကျင့်ပါ။ အခကြေးငွေပေးပြီး ကစားရသော တီဗွီဂိမ်းများ ကစားဖို့ ကျွန်တော်တို့ စုပုံထားသော အကြွေစေ့များသည် တစ်ချိန်မဟုတ် တစ်ချိန်ပြိုလဲသွားနိုင်၏ ကျွန်တော်တို့ ပြောလိုက်သော ‘အင်း’ ဟူသည် စကားတစ်လုံးတိုင်းကို ကစားပွဲမှာ စုပုံထားသည့် အကြွေစေ့ တစ်စေ့ဟု မှတ်ယူထားပါ။ မန်နေဂျာ တစ်ဦးကတော့ အောက်ပါအတိုင်း ပြောပြသည်။ “အနေးနဲ့အမြန်

mgyoe.com

mgyoe.com


နှင်းဖုံးသွားတော့မယ့် ပြတင်းပေါက်ကနေ အပြင်ကို လှမ်းကြည့်နေမိတယ်။ နောက်ထပ် ဘာလုပ်ရမယ် ဆိုတာ ကျွန်တော် မသိတော့ဘူးလေ”

– အချိန်တွေ အကြာကြီး အလုပ်လုပ်ခြင်းထက် စွမ်းဆောင်ပြီးမြောက်မှုကို အလေးထား အလုပ်လုပ်ကျင့်ကို လေ့ကျင့်ပျိုးထောင်ရာ၌ သင် တတ်နိုင်သည့် အပိုင်းက ပါဝင် ဆောင်ရွက်ပါ။

– သင့်အား လူမဆန်စွာ ခိုင်းစေသော သို့မဟုတ် သင့်အချိန်ကာလများကို ဩဇာအာဏာ သို့မဟုတ် ငွေဖြင့် ဝယ်ဖို့ ကြိုးစားသည့် ကုမ္ပဏီမျိုးတွင် အခြေချပြီး နှစ်ရှည်လများ အလုပ်မလုပ်ပါနှင့်။

– ‘အသက်ကယ် အဖွဲ့ကလေး’ ဖွဲ့စည်းထားပါ။ သင့်အား အကြံဉာဏ်ပေးမည့်၊ ထိန်းကျောင်းပဲ့ပြင်ပေးမည့် သင် လေးစားအားကျသူ သုံးဦး ရွေးထားပါ။

* * *

mgyoe.com

mgyoe.com

**အောက်တိုဘာလ ၁၆ ရက်၊ အင်္ဂါနေ့၊ ည ၁၀း၁၀**

"ဒီကို အချိန်မှန်ရောက်အောင် ကြိုးစားစမ်း သားရေ။ ငါ့အိပ်ချိန်နဲ့ သိပ်ကပ်လွန်းနေသကွ"

ဂျက်က တောင်းပန်စကားကို ဗလုံးဗထွေး ပြောတယ်။ သားရေ...ဆိုဖာကြီးပေါ်မှာ မြုပ်သွားအောင် ထိုင်ချလိုက်တယ်။ အဲဒီတော့မှ သူ့ အဘိုးကြီးရဲ့ မျက်လုံးတွေ အရောင်တဖျတ်ဖျတ် လက်နေတာ တွေ့လိုက်တယ်လေ။

"ငါ မင်းကို နောက်နေတာပါ ဂျက်ရယ်။ အသက်အရွယ် ကြီးလာရင် ရှားရှားပါးပါးရလာတဲ့ တစ်ပန်းသာမှုကလေးက အိပ်ဖို့လိုအပ်တဲ့အချိန် များများမသွားဘဲ နည်းနည်းလာပုံ ရတာပဲကွ။ ငါ့ကိုယ်ခန္ဓာကြီးက မကနိုင် မခုန်နိုင်တော့တဲ့အချိန်ကျမှ တစ်ညလုံးမအိပ်ဘဲ နေနိုင်စွမ်း ရှိလာတာကတော့ ငါ့ရဲ့ ကံ အကျိုးပေး သက်သက်လို့ပဲ ပြောရတော့မယ်"

တွမ်က အခန်းကို ဖြတ်လျှောက်လာတယ်။ ပြီးတော့ မီးလင်းဖိုနားမှာ ချိတ်ထားတဲ့ ဓာတ်ပုံတစ်ပုံကို ညွှန်ပြလိုက်တယ်။ "အဲဒါကို မှတ်မိရဲ့လား သား"

mgyoe.com

mgyoe.com


လူငယ်က မဆိုင်းမတွ ပြန်ဖြေတယ်။ "မှတ်မိတယ်။ အဲဒါ စိန့်ပေါ(လ်) ဘုရားကျောင်းတော်ကြီးလေ "

"ဒီမယ် ဂျက်၊ အဲဒီကျောင်းတော်ကြီး ဆောက်လုပ်ပြီးစီး သွားတဲ့အခါ ဗိသုကာပညာရှင် ဆာခရစ်စတိုဖာရင်က ဆောက်ကွက် ကို လှည့်ပတ်ကြည့်တယ်။ ဒီတော့ သစ်သား တလားတစ်ခု သယ်လာတဲ့ လူငယ်တစ်ယောက်ကို တွေ့တာနဲ့ "မောင်ရင်က ဘာလုပ်နေတာလဲကွဲ့ "လို့ မေးသတဲ့။ ကောင်လေးကလည်း သူ့ အုတ်ခဲတွေ သယ်နေကြောင်း ပြန်ဖြေသတဲ့။ ဒီတော့ ဗိသုကာ ဆရာကြီးက "မဟုတ်ဘူးကွယ့်၊ မင်းဟာ ဘုရားရှိခိုး ကျောင်း တော်ကြီးကို တည်ဆောက်နေတာ "လို့ ပြောလိုက်ဆိုပဲ။ ကြီးမြတ် တဲ့ ဗိသုကာဆရာကြီးဟာ ငါတို့ ဒီည အတူလေ့လာ ဆည်းပူး မယ့် ဥပဒေသရဲ့ အရေးပေါ်အရာရောက်မှုကို ကောင်းကောင်း သဘောပေါက်နေတာကိုး..."

❒

mgyoe.com

mgyoe.com

## ဥပဒေသ နံပါတ်နှစ်
## သင် လုပ်ဆောင်သော အလုပ်က ထူးခြားမှုတစ်ခု ဖြစ်စေသည်ဟု ယုံကြည်ထားပါ

**သင် လုပ်ဆောင်သော အလုပ်က ထူးခြားမှုတစ်ခု ဖြစ်စေသည်ဟု ယုံကြည်ထားပါ**

ဖေဖေက စာပို့သမား ဖြစ်သည်။ ဖေဖေက ထိုစဉ်က ဗဟိုစာတိုက်ကြီးဟု ခေါ်တွင်သော ဌာနတွင် ဝင်ရောက် အလုပ်လုပ်ခဲ့သည်။ ထိုစဉ်က ဖေဖေ့အသက်မှာ ဆယ့်လေးနှစ်။ ကြေးနန်းတိုင်များကို ထိပ်သို့တိုင်တက်ပြီး ကြေးနန်းကြိုးများ ပြုပြင်ရ၏။ ထိုနောက်ပိုင်းမှာတော့ အလုပ်လုပ်နေသည့် သက်တမ်းတစ်လျှောက်လုံး စာပို့သမားအဖြစ် တာဝန်ထမ်းဆောင်သွားလေသည်။

သူက ထက်မြက်သည်။ ထက်မြက်ဆို တော်တော်ကြီးကို ထက်မြက်သည်။ ဒုတိယ ကမ္ဘာစစ်တွင် အမှုထမ်းပြီး ပြန်ရောက်လာတော့ သက်ဆိုင်ရာ အာဏာပိုင်များက သူ့အား စီမံခန့်ခွဲရေးသင်တန်း တက်မည်လားဟု မေးကြသည်။ သို့သော် စစ်ကာလအတွင်း ဖေဖေသည် တစ်စုံတစ်ခု ဖြစ်ခဲ့၏။ ဘာဖြစ်ခဲ့သလဲဆိုတာ ကျွန်တော်တို့ ဘယ်တော့မှ သိရလိမ့်

mgyoe.com

mgyoe.com


မည် မဟုတ်ဧပ။ သူက ထိုအကြောင်းကို ပြောပြလိမ့်မည် မဟုတ်။ သူ ကွယ်လွန်သွားသောအခါ သူ့စာရွက်စာတမ်းများကို မွှေနှောက် ဖတ်သောအခါတွင်မှ သူ၏ စစ်တပ်မှ ထွက်ခွင့် စာအုပ်ကို တွေ့ရသည်။ သူသည် ခက်ခဲကျဉ်းကျပ်ဆုံး အခြေအနေများမှာပင် ထူးချွန်ပြောင် မြောက်စွာ တာဝန်ထမ်းခဲ့ကြောင်း သူ့တပ်ရင်းမှူးက ထောက်ခံစာ ရေးပေး ထားသည်။ ဖေဖေက ဘုရင့်အချက်ပြတပ်မှာ ဝိုင်ယာလက် စက်သမား ဖြစ်၏။ သူသည် ရန်သူ့နောက်တန်းအထိ စွန့်စားထိုးဖောက် အမှုထမ်းခဲ့ ၏။ ထိုအတွက် ကရဏာကြေးရခဲ့သည်။ ၁၉၄၅ ခုနှစ် အိမ်ပြန် ရောက် သောအခါ သူက ဘာမျှ ရုတ်ရုတ်သဲသဲ မဖြစ်ချင်။ ဘာမျှ ဟိုးလေး တကျော် မဖြစ်ချင်။ သူက ဟိုးလေးတကျော် အောင်မြင်မှုကိုလည်း မလိုလား။ သူ ဖြစ်ချင်သည်မှာ သူ အသန့်ရှင်းဆုံး ရှာဖွေလို့ရသည့် ငွေဖြင့် သူ့မိသားစုကို ကျွေးမွေးစောင့်ရှောက်ဖို့ပဲ ဖြစ်၏။ သည်တော့ အသန့်ရှင်းဆုံးနှင့် သူ အကျွမ်းကျင်ဆုံး လုပ်တတ်သည့် အလုပ်မှာ စာပို့ခြင်းပင် ဖြစ်နေ၏။

တစ်ခါတစ်ခါ စာခွဲတာဝန်ကျသောအခါ ဖေဖေသည် ညဥ့်ဆိုင်း ဝင်လုပ်ရတတ်သည်။ ကျွန်တော့် သတိတရ ဖြစ်ရပ်များထဲတွင် ထိုညတွေ လည်း ပါဝင်သည်။ ဖေဖေက ညဥ့်ဆိုင်း အလုပ်ဆင်းဖို့ ပြင်ဆင်နေချိန် တွင် ကျွန်တော်ကလည်း အိပ်ရာဝင်ချိန် နောက်ကျအောင် နည်းမျိုးစုံဖြင့် အကြံအဖန် လုပ်နေတတ်၏။ ထိုစဉ်က ကျွန်တော်တို့အိမ်မှာ ရေချိုးခန်း ရယ်လို့ သတ်သတ်မရှိ။ ဆေးကြော သန့်စင်လိုသည်ဆိုလျှင် ပန်းကန် ခွက်ယောက်တွေပဲဖြစ်ဖြစ်၊ အဝတ်အစားတွေပဲဖြစ်ဖြစ်၊ သို့မဟုတ် ခန္ဓာ ကိုယ်တွေပဲဖြစ်ဖြစ် စားဖိုဆောင်သုံး ကျောက်ကန်ကြီးထဲက ရေကို သုံးကြရသည်။ သည်တော့ ဖေဖေ အလုပ်သွားဖို့ ပြင်ဆင်သည်ကို ကျွန်တော် စောင့်ကြည့်လို့ ရသည်။ ဖေဖေက ဦးစွာ သူ့ယူနီဖောင်းကို ဖြန့်တင်ထား

mgyoe.com

mgyoe.com


မည်။ ပြီးတော့ မုတ်ဆိတ်ရိတ်၊ ကိုယ်လက် ဆေးကြောသုတ်သင်၊ နောက်ဆုံးတွင် သူ့ရှူးဖိနပ်တွေ ဆေးကြောမည်။

ဖေဖေ့ ရှူးဖိနပ်တွေက အမြဲတမ်း ဖိတ်ဖိတ်တောက်နေသည်ချည်း။ ကျွန်တော့်အသက် ရှစ်နှစ် သို့မဟုတ် ကိုးနှစ်လောက် တစ်ညတွင် သူ့ရှူးဖိနပ် အောက်ဘက်ကို ဆေးကြောသန့်စင်နေချိန်နှင့် ကျွန်တော် ရောက်အလာ တန်းတိုးနေသည်။ သည်တော့ ကျွန်တော်က ဆရာကြီးလုပ်လိုက်၏။

"အဲဒီလို ဆေးမနေပါနဲ့ ဖေဖေရာ၊ ဖေဖေ အချိန်ဖြုန်းသလို ဖြစ်နေမှာပေါ့။ ဖိနပ်အောက်မှာ ဘာတွေရှိတယ်ဆိုတာ ဘယ်သူမှ ဘယ်တော့မှ သိမှာ မဟုတ်ပါဘူးဗျာ"

ဖေဖေ ကျွန်တော့်ကို မော့ကြည့်သည်။ ပြီးမှ ပြောသည်။

"ဖေဖေတော့ သိနေမှာပေါ့"

နှစ်ကာလတွေ ကျော်လွန်သွားသည်။ ကျွန်တော်တို့ လမ်းထဲက ကျွန်တော့် သူငယ်ချင်းတွေရော ကျွန်တော်ပါ တက်ခဲ့ကြသည့် မူလတန်းကျောင်းကလေးမှ ထွက်ပြီး အလယ်တန်းကျောင်းသို့ ပြောင်းရမည့် အချိန်ရောက်လာသည်။ ကျွန်တော့်အတွက်တော့ တခြား ကမ္ဘာတစ်ခုသို့ ပြောင်းရွှေ့ရခြင်းပင်။ သတိရနေပါသေးသည်။ တစ်ချိတွင် ဆရာမက ကျွန်တော်တို့ ဖခင်များ၏ ဝမ်းကျောင်းအလုပ်ကို တစ်ဦးချင်း အော်ပြောခိုင်း၏။ ကျွန်တော့်နံဘေးက ကောင်လေးက "ကုမ္ပဏီဒါရိုက်တာ" ဟု အော်ပြောသည်။ ကျွန်တော့် အသံကတော့ တိုးတိုးသက်သာကလေးပင် ထွက်သွားသည်။ "စာပို့သမား" ဟူ၍။

တစ်ည ဖေဖေ ညဥ့်ဆိုင်း အလုပ်ဝင်ဖို့ ပြင်ဆင်နေချိန်တွင် ကျွန်တော် မေးခွန်းတစ်ခု မေးပြီး နှောင့်ယှက်လိုက်သည်။ "တံခါးပေါက်တွေထဲ စာတွေ လိုက်ထိုးထည့်တဲ့ အလုပ်ပဲ လုပ်နေရတာ ဖေဖေ၊ တစ်ခါမှ ငြီးငွေ့မသွားဘူးလားဟင်"

mgyoe.com

mgyoe.com


ကျွန်တော့်စကားက သူ့ကို ထိခိုက်နာကျင်စေသည်ဆိုလျှင်လည်း သူက ထိခိုက်နာကျင်မှုကို မပြ။ "ငါ့သား၊ မင့်ဖေဖေဟာ ဘုရင့်စာပို့လုပ်ငန်းကို လုပ်နေတာကွယ့်" သူ့လေသံက သည်စာတွေ ပို့ပေးဖို့ သူ့ကို ဘုရင်မကြီးကိုယ်တိုင်က မေတ္တာရပ်ခံထားသည့်နှယ်။ "လူတွေက ဖေဖေ့အပေါ် အားထားကြတယ်။ စီးပွားရေးလုပ်ငန်းတွေ၊ စစ်တပ်တွေ၊ ရဲတပ်ဖွဲ့တွေ၊ မိတ်ဆွေအပေါင်းအသင်းတွေ၊ နိုင်ငံရပ်ခြားက ဆွေမျိုးတွေ၊ သူတို့ရဲ့ စာတွေ အားလုံးကို ဖေဖေ ပို့ပေးရတာကွ။ တစ်နေ့လောက် ငါ့သား ဖေဖေနဲ့ လိုက်လာပြီး ကြည့်ပါလား။ သူတို့အတွက် စာတစ်စောင်တလေ ပါလာမလား ဆိုပြီး ဖေဖေအလာကို တံခါးဝမှာ ရပ်စောင့်နေသူတစ်ယောက်ယောက်ကို မြင်ဖူးအောင်လေ။ သူတို့ မျှော်နေတာ အလုပ်ခန့်စာ တစ်ခု ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် အဆက်အသွယ်ပြတ်နေတဲ့ သမီးဆီက သာကြောင်း၊ မာကြောင်း တစ်ခုဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် မွေးနေ့ဆုတောင်း ကတ်ပြားတစ်ခုပဲ ဖြစ်ချင်ဖြစ်မယ်။ ဟင့်အင်း... သားရေ၊ ဖေဖေတော့ တစ်စက်မှ မငြီးငွေ့ဘူးကွ"

ဖေဖေသည် သူ လုပ်သည့် အလုပ်၏ တန်ဖိုးကို ယုံကြည်သူတည်း။

များမကြာမီက အသက်အာမခံ ကုမ္ပဏီများ အဖွဲ့အစည်း တစ်ခုတွင် စကားပြောဖို့ ကျွန်တော့်အား ဖိတ်ကြားခဲ့ကြ၏။ ဆွေးနွေးဖလှယ်ပွဲသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များ၏ စိတ်ဓာတ်သည် အဝိစိအထိ ရောက်နေ၏။ လွန်ခဲ့သည့် တစ်နှစ်လုံး အသက်အာမခံကုမ္ပဏီများ လိမ်ညာရောင်းမှုနှင့် ပတ်သက်၍ လူထုဆက်သွယ်ရေး ဌာနများက (တစ်ခါတစ်ရံတွင် သမာသမတ်ကျစွာ) ပြင်းပြင်းထန်ထန် တိုက်ခိုက်ဝေဖန် ခံခဲ့ကြရသည်။ အဖွဲ့အစည်း ဥက္ကဋ္ဌဖြစ်သူက တက်ရောက်လာသည့် ကိုယ်စားလှယ်တွေ စိတ်ဓာတ် ပြန်တက်လာအောင် ဟောပြောဖို့

mgyoe.com

mgyoe.com


အဖွဲ့ကလေး ဖွဲ့ပေးထားသည်။ သို့သော် ဘယ်သူမျှ ဘာပြောရမှန်း မသိ။ သည်လူတွေ သူတို့ကိုယ်သူတို့ ယုံကြည်လာအောင် သူတို့အလုပ်၏ တန်ဖိုးကို ယုံကြည်လာအောင် ဟောပြောဖို့ လိုအပ်နေသည်တော့ အမှန်။

သို့ဖြင့် ဆွေးနွေးဖလှယ်ပွဲ တက်ရောက်လာသူများအား ပင်လယ်ကွေ့စစ်ပွဲတွင် ရဟတ်ယာဉ် ပျက်ကျသည့်အတွက် အမေရိကန်စစ်သား ၁၂ ယောက် အသက်ဆုံးရှုံးခဲ့သည့် ဖြစ်ရပ်ကို ကျွန်တော် သတိဖော်ပေးလိုက်၏။ အသက်ဆုံးသူအားလုံး အသက် အာမခံထားပြီးသား ဖြစ်၏။ သို့သော် အသက်အာမခံ တောင်းခံလွှာများ ရောက်မလာ။ မည်သို့ဖြစ်စေ သက်ဆိုင်ရာကုမ္ပဏီက ကာယကံရှင် စစ်သည်တော်အားလုံးကို အသက်အာမခံငွေ ထုတ်ပေးခဲ့သည်။ ထိုလုပ်ရပ်ကို သူတို့အနေဖြင့် ဂုဏ်ယူဝံ့ကြွားကြရမည် ဖြစ်၏။

ကုမ္ပဏီ တော်တော်များများသည် သူတို့၏ ဆောင်ရွက်ချက်များအပေါ် ဂုဏ်ယူဝံ့ကြွားစိတ်ကို ပြန်လည် ဖော်ထုတ်ဖို့ လိုနေ၏။ "တက်ထရာပက်"ဆိုသည့် ထုပ်ပိုးပစ္စည်းအကြောင်း ဘယ်တော့မျှ စကားလုပ်ပြီး မပြော။ သို့သော် ကမ္ဘာတစ်ဝန်းရှိ ကလေးများအတွက် လတ်ဆတ်သော၊ သန့်ရှင်းသော ဗီတာမင် ဆေးပြားများ ရောက်ရှိရေးကို အလေးထား ပြောလေ့ ရှိလေသည်။

ဆေးကုမ္ပဏီကြီး တစ်ခုက သူ့အမှုထမ်းများ စိတ်အားထက်သန်ရေးနှင့် သစ္စာရှိရေး လှုံ့ဆော်ချင်ကြောင်း အတိုင်ပင်ခံအရာရှိ တစ်ဦးအား အကူအညီ တောင်းသည်။ အတိုင်ပင်ခံ အရာရှိအား စိတ်ကြိုက် လုပ်ပိုင်ခွင့်လည်း ပေးလိုက်သည်။ သို့သော် သည်အတိုင်ပင်ခံက သာမန် သူလိုကိုယ်လို အတိုင်ပင်ခံ မဟုတ်။ သူက ငွေရေးကြေးရေးဖြင့် မစည်းရုံး။ လူတွေကို စတင် စည်းရုံးသည်။ သူက ဧည့်ကြိုခန်းများ၊ လုံခြုံရေး

mgyoe.com

mgyoe.com


ဂိတ်ဝများ၊ စကြံလမ်းများနှင့် သက်သာစားသောက်ဆိုင်များ၊ ရုံးတွင်းနေရာ အနှံ့အပြားတွင် ဧရာမ ဆိုင်းဘုတ်ကြီးများ ထောင်ဖို့ သူက အမှုထမ်းများကို ပြောသည်။ ဆိုင်းဘုတ်ကြီးများမှာ ကုမ္ပဏီက ထုတ်လုပ်ရောင်းချသော ဆေးဝါးများကြောင့် အသက်ရှင်ခဲ့သူများ၏ အစစ်အမှန်ပုံကြီးများ ဖြစ်ရမည် ဆို၏။ လခအကြောင်း၊ အနားယူ အားလပ်ရက်များအကြောင်း၊ ကုမ္ပဏီပိုင် မော်တော်ကား သုံးစွဲခွင့်အကြောင်း ဒါတွေ မပြောဆို မဆွေးနွေးမီ သူတို့သည် သိပ္ပံပညာရှင်ပဲဖြစ်ဖြစ်၊ လက်နှိပ်စက်စာရေးပဲဖြစ်ဖြစ် သို့မဟုတ် ရုံးသန့်ရှင်းရေးသမားပဲဖြစ်ဖြစ် သည်လူတွေအနေဖြင့် သူတို့ လုပ်ဆောင်နေသည့် အလုပ်၏ တန်ဖိုးကို ပြန်လည်ယုံကြည်လေးစားနေဖို့ လို၏။

ကျွန်တော့် ဖေဖေဆိုလျှင် ၎င်းလုပ်ရပ်ကို ထောက်ခံအားပေးပေမည်။ အလုပ်အကိုင်တိုင်းမှာ တန်ဖိုးရှိသည်ဟု သူက ယုံကြည်သည်။ သည်တော့ သင်လည်း သင်လုပ်သမျှ အလုပ်တိုင်းကို အစွမ်းကုန် တန်ဖိုးထားသင့်ပါသည်။ သဲကြီးမဲကြီး ရှာနေသည့် မိုးထဲတွင် သူ ဝေရမည့် စာများ ရေမစိုအောင် ထိန်းသိမ်းနေသည်ကို ကျွန်တော် တွေ့ဖူးသည်။ သူ့စာတွေ ရေမစိုအောင် ထိန်းသိမ်းလိုက်နိုင်လျှင် သူ ပီတိဖြာ ဝမ်းသာမည် ဖြစ်ပါသည်။

လေယာဉ်ပေါ်ရှိ ခရီးသည် ထိုင်ခုံများ ကျောဘက်တွင် တပ်ဆင်ထားသည့် "ခေါက်စားပွဲ မျက်နှာပြင်ပေါ်မှာ ကော်ဖီဖိတ်ကျလို့ စွန်းထင်းနေတဲ့ အစွန်းအထင်းတွေဟာ ကျုပ်တို့ရဲ့ လေယာဉ်စက်တွေကို ဂရုတစိုက် မထိန်းသိမ်း မပြုပြင်ဘူးလို့ ခရီးသည်တွေကို ပြောပြနေတာနဲ့ အတူတူပဲ"ဟု အဓိက လေကြောင်း ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးက ပြောခဲ့လေသည်။ သူ့စကားက တစ်စက်မျှ ကျိုးကြောင်းဆက်နွှယ်မှုမရှိ။ သို့ပေမဲ့ သွေးထွက်အောင် မှန်နေသည်။ ကျွန်တော် သိပါသည်။ ကျွန်တော်က လေယာဉ် အများကြီး စီးခဲ့သူပဲ။

mgyoe.com

mgyoe.com


အကယ်၍ ကျွန်တော်သည် ဘိုးအင်း ၇၄၇ ကြီးပေါ်ရှိ ရေအိမ်ထဲ ရောက်နေသည်။ သို့သော် ရေဆွဲအိမ်သာက ရေမဆင်းဆိုလျှင် ကျွန်တော် တောင်တောင်အီအီ စဉ်းစားတော့မည်။ တခြား စက်ပစ္စည်းတွေရော ကောင်းမှ ကောင်းရဲ့လား။ အလုပ်မှ လုပ်ရဲ့လား။ "အောက်ဆီဂျင် ရှူစက်တွေရောအပေါ်မှာ တကယ်ပါလာရဲ့လား။ ငါတော့ တစ်ခုတလေ တောင် မတွေ့ဖူးသေးပါဘူး" လေယာဉ်စက် လည်တာတွေ၊ ရှုပ်ထွေးပွေ လီသော ဘရိတ်စနစ်တွေ၊ လေယာဉ် ဝမ်းဗိုက်ထဲက စက်ကိရိယာတွေ အကြောင်း ကျွန်တော် နားမလည်။ မသိ။ သို့သော် ရေဆွဲအိမ်သာများ အကြောင်းလောက်တော့ သိသည်။ ရေဆွဲအိမ်သာများ သုံးဖူးသည်။ ပြင်ဖူးသည်။ ကျွန်တော့်မှာ ရေဆွဲအိမ်သာ နှစ်လုံးတောင် ရှိနေသည်ပဲ။

ငင်းဒါရိုက်တာနှင့် ကျွန်တော့် ဖေဖေဆိုလျှင် အကြောင်းအပေါင်း သင့်ကြပါလိမ့်မည်။ သူတို့နှစ်ဦးစလုံးသည် လုပ်ငန်းဘဝ၏ အခြေခံ အချက်တွေထဲမှ တစ်ခုကို သဘောပေါက် နားလည်ထားပါသည်။ အကယ်၍ သင့်ဖောက်သည်က သင် အလေးမထား ဂရုမစိုက်ကြောင်း သိသွားလျှင် တယ်လီဖုန်း ပြန်မဆက်တာပဲဖြစ်ဖြစ်၊ ရက်ချိန်းအတိုင်း ပစ္စည်းမပေးအပ်နိုင်တာပဲဖြစ်ဖြစ်၊ သို့မဟုတ် ဧည့်ကြိုခန်းတွင် တစ်နာရီ လောက် စောင့်ခိုင်းထားခြင်းပဲဖြစ်ဖြစ် အဆိုပါ ဖောက်သည်က သင့် လုပ်ငန်း၏ အရည်အသွေးကို သံသယ ဝင်သွားပေလိမ့်မည်။ သင်သည် အနောက်တိုင်း တစ်ခွင်လုံးတွင် အတော်ဆုံး စာရင်းကိုင်တစ်ဦး ဖြစ် ကောင်းဖြစ်နေမည်။ သို့သော် သင့်အား အလုပ်အပ်သူက အယုံအကြည် မရှိသရွေ့ ကာလပတ်လုံး ထိုအကြောင်းသည် သင့် နေ့စဉ်မှတ်တမ်းထဲမှာ ရေးမှတ်ထားရမည့် သင့်လျှို့ဝှက်ချက်တစ်ခု ဖြစ်နေပါမည်။

ကျွန်တော့်ဖေဖေ သေကောင်ပေါင်းလဲ ဖြစ်နေပြီဆိုသည့် သတင်း ကို ကြားရချိန်တွင် ကျွန်တော်သည် မော်စကိုမြို့တွင် သင်ကြားပို့ချမှု

mgyoe.com

mgyoe.com


တစ်ခု ပြုလုပ်နေသည်။ ရုရှားအာဏာပိုင်များက ကျွန်တော့်ကို မော်စကို လေဆိပ်သို့ ရောက်အောင် တရကြမ်း လိုက်ပို့သည်။ ဟိ(သ်)ရိုး လေဆိပ်သို့သွားမည့် ဗြိတိသျှလေကြောင်း ခရီးစဉ်သည် မဆိုစလောက်ကလေး နောက်ကျနေသည်။ ကျွန်တော်က ထိုလေယာဉ်ကို မီရုံကလေး အပြေးအလွှား ရောက်သွားသည်။ ထိုလေယာဉ်ကြီး ဉရောပတိုက်ပေါ်မှ ဖြတ်ကျော်ပျံသန်းနေခိုက် ကျွန်တော့်စိတ်အလျဉ်သည် ဖေဖေနှင့် ပတ်သက်သည့် သတိတရ ဖြစ်ရပ်များဆီသို့ ပြန်လည် စီးမျောနေ၏။ နောက်ပြီး သူ့ကို ပြောပြချင်ပါလျက် မပြောလိုက်ရသည့် အကြောင်းကိစ္စတစ်ခု၊ နှစ်ခု အကြောင်း တွေးနေမိ၏။ သို့သော် အခြားအရာအားလုံးထက် ကျွန်တော် ထပ်မံ ကြိုးစားနေမိသည်မှာ သူ့ကို နားလည်ဖို့။

ဟိ(သ်)ရိုး လေယာဉ်ကွင်းသို့ ရောက်တော့ နံနက် ဝေလီဝေလင်းပဲ ရှိသေးသည်။ သူတို့ ကျွန်တော့်ကို လူဝင်မှု ကြီးကြပ်ရေးဌာနနှင့် အကောက်ခွန် ဌာနကို ကျော်ဖြတ်ပြီး ဒရောသောပါး ခေါ်သွားကြပြန်သည်။ ကျွန်တော့်အား ကျွန်တော့် ဖေဖေဆီသို့ ခေါ်သွားဖို့ ယာဉ်မောင်းတစ်ယောက်က အသင့်ကြိုနေ၏။ ကျွန်တော် ကားထဲ ဝင်ထိုင်ပြီး ယာဉ်မောင်းကို မေးလိုက်၏။ "ဖေဖေ့ အခြေအနေ ဘယ်လိုရှိလဲ"

"စိတ်မကောင်းပါဘူးဗျာ ခင်ဗျာ။ လွန်ခဲ့တဲ့ ၂ နာရီကတည်းက ဆရာ့အဖေ ဆုံးသွားပါပြီ"

သူ့ ရုပ်ကလာပ်ရှိသည့် အခန်းထဲသို့ ကျွန်တော် ဝင်သွားပြီး သူ့ကို ကြည့်ခဲ့သည်ကို မှတ်မိနေသည်။ သူ ပြောနေကျ စကားတစ်ခုခုကို ဆီးကြိုပြောလိမ့်မည်ဟုပင် ကျွန်တော့် စိတ်ထဲ ထင်လိုက်မိသေး။ သို့တိုင် သူ့ကို ကျွန်တော် ကြည့်လိုက်တော့ သူသည် ကျွန်တော့်အတွက် ယခုထိတိုင် နည်းပေါင်းစုံဖြင့် သိနားလည်ရန် ခက်သည့် ပဟေဠိတစ်ပုဒ် ဖြစ်နေဆဲပင်။

mgyoe.com

mgyoe.com


သူသည် ဆင်းရဲ၏။ သို့တိုင် ဘယ်တုန်းကမျှ အကြွေးမတင်ခဲ့စဖူး။ သူ့မှာ သူပိုင်ပစ္စည်းဥစ္စာဆိုလို့ အနည်းအကျဉ်းကလေးပဲ ရှိ၏။ သို့တိုင် ကျွန်တော် တွေ့ဖူးသမျှ လူတွေထဲတွင် သူသည် အရောင့်ရဲ အတင်းတိမ်နိုင်ဆုံး လူတစ်ယောက် ဖြစ်၏။ နောက်ပြီး သူသည် သူ့တစ်သက်လုံး နေ့စဉ်ရက်ဆက် တစ်ရက်မကျန် သူ့ ရှူးဖိနပ်များကို ဆေးကြောသန့်စင်ခဲ့သည်။

နောက်ပြီး ဖေဖေ စာတွေ လိုက်ပို့ခဲ့သည်မှာ ၄၆ နှစ် ကြာခဲ့၏။ ထိုလုပ်သက် တစ်လျှောက်အတွင်း နာမကျန်း ဖြစ်သောကြောင့် ၁၁ ရက်ပဲ အလုပ်မှ ခွင့်ယူခဲ့၏။ သူ အငြိမ်းစားယူတော့ ဘုရင်မကြီးက သူ့ကို တံဆိပ်တစ်ခု ချီးမြှင့်သည်။ ၎င်းတံဆိပ်သည် ဘုရင့်စာပို့လုပ်ငန်းကို ဆောင်ရွက်ခဲ့သောကြောင့် ချီးမြှင့်သည့်တံဆိပ် ဖြစ်၏။

သည်အကြောင်းကို အပေါ်လွင်ဆုံး ရှင်းပြရမည်ဆိုလျှင် ဖေဖေ့မှာ *ဂုဏ်သိက္ခာ*ရှိသည်ဟုပဲ ပြောရပါမည်။ ၎င်းအရည်အသွေးကို သင် ဝယ်ယူလို့မရ။ ပညာတွေ ဘယ်လောက်တတ်တတ်၊ လူမှုအဆင့်အတန်း ဘယ်လောက်မြင့်မြင့်၊ ၎င်းအရာတွေရှိတိုင်း လူတစ်ဦးမှာ *ဂုဏ်သိက္ခာ* ရှိမည်ဟု ကံသေကံမ ပြောလို့မရ။

ဖေဖေက စာပို့သမားဖြစ်ရတာကို ဂုဏ်ယူသည်။ ဝင့်ကြွားသည်။ သူ လုပ်ဆောင်နေသော အလုပ်သည် လူတွေ၏ဘဝကို ထူးခြားမှု တစ်ခု ဖြစ်စေသည်ဟု သူက ယုံကြည်စွဲမှတ်ထားသည်။ သူ့မှာ ထိုဂုဏ်သိက္ခာ ရှိသည့်အတွက် သူ ဘာပဲလုပ်လုပ် သူ တတ်နိုင်သလောက် ကောင်းအောင် လုပ်ဖြစ်သည်။ ပြီးတော့ အူလှိုက်သည်းလှိုက် လုပ်ဖြစ်သည်။

ထို့ကြောင့် ဖေဖေသည် သူ့ရှူးဖိနပ်များကို ဆေးကြော သန့်စင်ခဲ့ခြင်း ဖြစ်၏။

mgyoe.com

mgyoe.com


**ယုံကြည်စိတ်ချမှု၏ စွမ်းအား**

ကျွန်တော့်ဖေဖေက ရိုးသားဖြောင့်မတ်ခြင်းကိုလည်း ယုံကြည်၏။ သူ နေ့စဉ်ဆောင်ရွက်ခဲ့သည့် အလုပ်၌ ကျင့်ဝတ်ဆိုင်ရာ ရွေးချယ်မှု အကျပ်အတည်းများ မရှိကြောင်း၊ သို့မဟုတ် လုပ်ငန်းတချို့၏ စရိုက်လက္ခဏာများ ဖော်ထုတ်ခြင်းလို ရက်စက်စွာ အပေးအယူ လုပ်ရခြင်းမျိုးတွေ မရှိကြောင်း ကျွန်တော် သဘောပေါက်ပါသည်။ သို့သော် ထိုအနေအထားမျိုး တွေ့ကြုံရသည့်တိုင် သူ့ကိုယ်သူ အထိခိုက် အနစ်နာခံပြီး သူ့မူအတိုင်း ပြုမူကျင့်မည်သာ ဖြစ်သည်ဟု ကျွန်တော် ယုံကြည်သည်။

သူက သူ၏ တည်ကြည်ဖြောင့်မတ်မှု ပျက်စီးသွားသည်နှင့် သူ၏ အကြီးမြတ်ဆုံး ဂုဏ်အင်္ဂါဖြစ်သည့် အကျင့်စရိုက် ပျက်စီးသွားမည်ဟု ယုံကြည်ခဲ့၏။

"သေးသေးမွှားမွှား ကိစ္စကလေးတွေဟာ တကယ့်ကို သေးသေးမွှားမွှား ကလေးတွေပါပဲ။ ဒါပေမဲ့ သေးသေးမွှားမွှား ကိစ္စကလေးတွေကို သက်ဝင်ယုံကြည်မှုရှိခြင်းဟာ ကြီးကြီးမားမား ကိစ္စကြီးတစ်ခု ဖြစ်ပါတယ်" ဟု မာသာထရီဇာက ပြောခဲ့သည် မဟုတ်လား။

တစ်ချိန်တစ်ခါတုန်းက နယူးယောက်ရှိ အရာထမ်း ရှာဖွေရေးထိပ်တန်းကုမ္ပဏီကြီး တစ်ခုက ဆန်းစစ် လေ့လာချက် တစ်ခု ပြုလုပ်သည်။ သူတို့က နယူးယောက် နယ်မြေအတွင်းရှိ ထိပ်တန်းကုမ္ပဏီ ၁၀၀ မှ အမှုဆောင် အရာရှိချုပ်များကို တွေ့ဆုံမေးမြန်းကြသည်။ ဆန်းစစ်လေ့လာမှု၏ ရည်မှန်းချက်က စိတ်ဝင်စားစရာ။ သူတို့က လုပ်ငန်းဆိုင်ရာအမြင် ထက်မြက်မှုကို မမေး။ အလုပ်အပ်သူများ သို့မဟုတ် အမှုထမ်းများအား ထိန်းသိမ်းသည့် စွမ်းရည်မျိုးကိုပင် စိတ်မဝင်စား။ သူတို့ စိတ်ဝင်စားသည်မှာ *အကျင့်စရိုက်* အကဲဖြတ်ရေး ဖြစ်၏။

mgyoe.com

mgyoe.com



အဆိုပါ ကုမ္ပဏီခေါင်းဆောင်များအား သူတို့ တန်ဖိုးအထားဆုံး စရိုက်လက္ခဏာများက ဘာတွေလဲ၊ အမေရိက၏ မျိုးဆက်သစ် ခေါင်းဆောင်များတွင် ဘယ်လို စရိုက်မျိုးတွေ ရှိနေအောင် ပြုစုပျိုးထောင်သင့်သလဲ ဟူသော မေးခွန်းများ မေးကြည့်၏။

အဆိုပါ ထိပ်တန်းခေါင်းဆောင် အမျိုးသား၊ အမျိုးသမီးများက ပြုစုပျိုးထောင်ပါဟု မဲပေးထောက်ခံသည့် အကျင့်စရိုက်များမှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ အခြေခံမှုနှင့် ပတ်သက်လာလျှင်၊ အကောင်းဆုံး စံနှုန်းများနှင့် ပတ်သက်လာလျှင် အသေးအဖွဲ ကိစ္စကလေးများမှာပင် ဘယ်တော့မျှ အလျှော့အတင်း မလုပ်ပါနှင့်။

၂။ မရမနေ ဖွဲ့ခတ်ပါ။ ဘယ်တော့မျှ လက်မလျှော့ပါနှင့်။

၃။ သင် ဦးတည်ရာ လမ်းကြောင်းကို အာရုံသိဖြင့် သိနေပါ။ သင့် ဦးတည်ချက်ကို မကြာမကြာ ထုတ်ဖော်ပြောပြပါ။

၄။ သင့် ရပ်တည်ချက်ကို သိထားပါ။ စံနှုန်းမြင့်မြင့် သတ်မှတ်ပါ။ အရဲစွန့်ရသည့်တိုင် ကြမ်းတမ်းခက်ခဲသော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းဖို့ မကြောက်ပါနှင့်။

၅။ စီမံခန့်ခွဲချိန်ကို လျှော့ပြီး ဦးဆောင်ချိန် ပိုယူပါ။ စံနမူနာပြသည့်နည်းဖြင့် ဦးဆောင်ပါ။

၆။ အခြားသူများ၏ အကောင်းဆုံး အရည်အချင်းများကို ဖော်ထုတ်ပါ။ သင် ရှာလို့ရသည့် အတော်ဆုံး လူများကို အလုပ်ခန့်ပါ။ ထို့နောက် သူတို့အား လုပ်ပိုင်ခွင့်နှင့် တာဝန်များ ခွဲဝေပေးပါ။ သို့သော် အမြဲတမ်း ထိတွေ့နေပါ။

၇။ သင့်ကိုယ်သင်နှင့် သင့်ဝန်းကျင်ရှိ လူများကို ယုံကြည်စိတ်ချပါ။ အခြားသူများအား ယုံကြည်အားထားပါ။

mgyoe.com

mgyoe.com


၈။ ရှုံးနိမ့်မှုများအတွက် အပြစ်တင်ခြင်းကို ခံယူပါ။ အောင်မြင်မှုအတွက် အခြားသူများအား ချီးကျူးပါ။ တည်ကြည်ဖြောင့်မတ်မှုနှင့် ကိုယ်ပိုင်သတ္တိ ရှိပါစေ။

ထိရောက်သော မန်နေဂျာများ ပေါ်ထွန်းလာရေးအတွက် လက်စွဲပြထားသော စာအုပ်များ၊ ဗွီဒီယိုများနှင့် နှီးနှောဖလှယ်ပွဲ မှတ်တမ်းမှတ်ရာများ မရှားပါးလှပါ။ ထိုအထဲတွင် သူတို့က စေ့ဆော်မှုအကြောင်း၊ မဟာဗျူဟာမြောက် စဉ်းစားတွေးခေါ်ခြင်းအကြောင်း၊ လက်တွဲဖော်များသင်းဖွဲ့ခြင်းအကြောင်းနှင့် အခြား "ရေပန်းစား" နေသော အကြောင်းအရာများအကြောင်း အားလုံး ပါဝင်သည်။

သို့သော် ထိုအကြောင်းအရာများသည် သေရေးရှင်ရေးအဖြစ်ဆုံးအကြောင်းအရာတွေလား။ ဗြိတိသျှကုမ္ပဏီများအား ဆန်းစစ်လေ့လာချက်မှ ထွက်ပေါ်လာသော တွေ့ရှိချက်များသည် ကမ္ဘာ့တစ်ဖက်ခြမ်းရှိ ကုမ္ပဏီများထံမှ ထွက်ပေါ်လာသော တွေ့ရှိချက်များနှင့် ဆင်တူယိုးမှားဖြစ်နေမည်ဟု ကျွန်တော် တွက်ဆပါသည်။ လူတွေ လိုလားနေသည်မှာ သူတို့ ယုံကြည်အားထားရသော ခေါင်းဆောင်များ ဖြစ်ပါသည်။

သူတို့၏စကားကို သင် ယုံစားအားထားလို့ရသူများနှင့် သူတို့၏ တည်ကြည်ဖြောင့်မတ်မှုကို သံသယကင်းစွာ ယုံကြည်ရသူများသည် အခြားသူများထက် ပိုကောင်းသော အလုပ်များ ရလိမ့်မည်ဟု ကျွန်တော် မပြောရဲပါ။ သူတို့သည် ပိုတော်သော အရောင်းသမားများ ဖြစ်လိမ့်မည်။ ဝင်ငွေ ပိုကောင်းအောင် ရှာနိုင်သူများ ဖြစ်လိမ့်မည်ဟုလည်း သေချာပေါက် မပြောဝံ့ပါ။ အမှန်တော့ စနစ်တကျ လိမ်လည်လှည့်ဖြားခြင်းနှင့် ကြိုးကိုင်ခြယ်လှယ်ခြင်းက အကျိုးကျေးဇူးများ ဖော်ထုတ်ပေးသည်။ မဟုတ်လျှင် သည်လူတွေသည် သည်လောက် နှစ်သက်မက်မောစရာ ကောင်းမည် မဟုတ်ပါချေ။

mgyoe.com

mgyoe.com


သို့သော် ထိုနည်းထိုဟန်ဖြင့် ရှင်သန်နေထိုင်သူများသည် သူတို့ အလှည့်စားခံရသည့်နေ့ ဘယ်တော့ ရောက်လာမည်လဲဟု ထာဝစဉ် စိုးရိမ်နေရမှာ သေချာသည်ဟု ကျွန်တော် ယုံသည်။ တစ်ချိန်က သူတို့ မတော်မတရား လုပ်ခဲ့သူတစ်ဦးက သူတို့ဘဝထဲ ဘယ်တော့ ပြန်ဝင် လာမည်လဲ။ သူတို့ အရေခွံဆုတ်ခဲ့သည့် မဖြစ်ညစ်ကျယ် လူတွေသည် "ရောမ အကောင်ကြီး" တွေ ဖြစ်လာပြီး သူတို့ကို ဘယ်တော့ လက်စား ချေလေမည်လဲ။

လောကမှာ "တခောက်ကန်း" သမားတွေ၊ "ဘယ်သူသေသေ ငတေမာ ပြီးရော" လူစားတွေ၊ "ဓာတ်တူသားစား" သူတွေ အမျိုးမျိုး ရှိ၏။ သူတို့လို လူစားတွေကို လေးစားအားကျသူ တချို့လည်း ရှိ၏။ သို့သော် သူတို့တစ်တွေ "နိမ့်" ပြီဆိုလျှင် သူတို့အား လေးစားအားကျသူ တွေကို ဘယ်မှာမျှ ရှာလို့ မရတော့။ အကယ်၍ တည်ကြည်ဖြောင့်မတ် သည့် အမျိုးသား သို့မဟုတ် အမျိုးသမီးတစ်ဦးသည် သူတို့၏ အောင်မြင် မှုကို လက်လွှတ်လိုက်ရသည့်တိုင် သူတို့မှာ အကျင့်စရိုက်ဆိုတာ ကျန်ရှိ နေသေးသည်။ သို့သော် ဆရာယောင်၊ သမားယောင်တစ်ဦး သိနားလည် အောင် ကြိုးစားထိုက်သည့် တစ်ခုတည်းသော အရာမှာ ထိုလူ၏ အောင်မြင်မှုပင် ဖြစ်၏။ သူ့အောင်မြင်မှုကို သူ မဆုံးရှုံးလျှင် ပို၍ မကောင်းပေဘူးလား။

ဖရင့်ဒေဗစ်ဆန်သည် အထင်ကရ ဆောက်လုပ်ရေး ကုမ္ပဏီကြီး တစ်ခုတွင် အအောင်မြင်ဆုံး ကန်ထရိုက် မန်နေဂျာတစ်ဦး ဖြစ်၏။ ဖရင့် ၏ အထူးကျွမ်းကျင်မှုမှာ အရှုံးပေါ်တော့မလို ဖြစ်နေသည့် စီမံကိန်း တစ်ခုကို အမြတ်ပေါ်အောင် ကြံဖန်နိုင်စွမ်းရှိခြင်းပင်။

စိတ်ကူးပုံရိပ် ဖော်ကြည့်လိုက်ပါ။ သူတို့ ကုမ္ပဏီသည် ဓာတ်ရုံ တစ်ရုံ ဆောက်လုပ်ဖို့ ကန်ထရိုက် ရလိုက်၏။ သူတို့ ကုမ္ပဏီက ဓာတ်ရုံ

mgyoe.com

mgyoe.com


ပုံစံမှသည် ဆောက်ပြီးသည်အထိ တာဝန်ယူရမည်။ လုပ်ငန်းက အမြတ်ကျန်အောင် တော်တော် ဖျစ်ညှစ်လုပ်ရမည့် လုပ်ငန်း၊ သူတို့ ကန်ထရိုက်လက်မှတ် ထိုးချိန်ရောက်တော့ သူတို့ ခေါင်းထဲမှာ သံသယအတွေးတွေ ဝင်နေပြီ။ သို့တိုင် နောက်ဆုတ်လို့ မရတော့။ ပြည်သူ့ဆက်ဆံရေးဌာနက သတင်းတွေ ထုတ်ပြန်ပြီးပြီ။ ကြေညာချက်တွေ ထုတ်ပြီးနေပြီ။

ဇာတ်လမ်းက ချီကတည်းက ယင်သကိုနှင့် စသည်။ သူတို့ ရရှိသည့် ဘူမိဗေဒ အစီရင်ခံစာမှာ သိပ်မတိကျလှ။ သူတို့ ဦးစွာ စမ်းသပ်ခဲ့သည့် ရွှံ့ဆိုတာတွေသည် နှမ်းဖတ်ကျောက်တွေ ဖြစ်နေသည်။ သူတို့သည် အခြေခံ အုတ်မြစ်ချဖို့ မစဉ်းစားမိ သီတင်းပတ် ၁၀ ပတ်လုံးလုံး ကျောက်သားတွေကို ခွဲထုတ်နေကြရသည်။ အမှားနှင့် ဇာတ်လမ်းစလိုက်သည်နှင့် အမှားတွေ ဆပွားတိုးလာတတ်သည်ဟု ဆိုရိုးရှိသည် မဟုတ်ပါလား။ သူတို့ကို မီးသတ်အရာရှိ တစ်ဦးက ကျိုးကြောင်းမဲ့ တောင်းဆိုချက်တွေ မတောင်းဆိုသည်။ ဒေသခံ အုပ်စုများက ကန့်ကွက်ဆန္ဒပြရင်း သူတို့၏ ကရိန်းနှစ်စင်းနှင့် ဂျေစီတီ စက်ငါးလုံးကို ၁၀ ရက်တိတိ အပိုင်စီးထားကြသည်။ ၁၀ ရက် ပြည့်သောနေ့မှာ မိုးတွေ ရွာလိုက်သည်မှာ တစ်လလုံးလုံး မစဲတော့။ ကန်ထရိုက်သက်တမ်းပြည့်ဖို့ သုံးလသာ လိုတော့သည်။ သူတို့ ဘာမျှ မပြီးမြောက်သေး။ ကုမ္ပဏီအရှုံးပေါ်တော့မည်။ ပြီးတော့ အများပြည်သူ၏ ရယ်မောလှောင်ပြောင်မှုကို ခံရတော့မည်း သည်အဆင့်တွင် ဖရင့်ဒေဗစ်ဆန် ဝင်လာသည်။ သူနှင့်အတူ သူ၏ ဘေးကင်းရန်ကင်း ကယ်ဆယ်ရေး အစီအစဉ်ပါ ပါလာသည်။

ဖရင့်က သူတို့ကုမ္ပဏီနှင့် ထပ်ဆင့် ကန်ထရိုက် စာချုပ်ထားသည့် ကုမ္ပဏီကလေးများ လျှပ်စစ်မီးဆိုင်ရာ၊ ထိုင်ခုံများဆိုင်ရာ၊ ကန့်လန့်ကာ သို့မဟုတ် မီးကာကွယ်ရေး ပစ္စည်းများဆိုင်ရာ အားလုံးကို

mgyoe.com

mgyoe.com


စေ့စေ့စပ်စပ် စစ်ဆေးဖို့ တောင်းဆိုလိုက်၏။ သူတို့၏ လုပ်ငန်းများတွင် ချွတ်ယွင်းချက် တစ်စုံတစ်ရာ မရှိသည့်တိုင် ချွတ်ယွင်းချက်များ တွေ့အောင် ရှာရမည်ဟု ဆိုသည်။ သူ့လူတွေက သည်လိုဘက်မှာ တစ်ဖက်ကမ်းခတ် ကျွမ်းကျင်သူတွေပဲ။ တစ်မိုင်လောက် ရှည်လျားသည့် ချွတ်ယွင်းချက် စာရင်းကြီး တင်ပြကြသည်။

သို့ဖြင့် ထပ်ဆင့် ကန်ထရိုက် လုပ်ငန်းရှင်ကလေးများအား ငွေပေးချေမှုများ ရပ်ထားလိုက်တော့၏။ အဆိုပါ လုပ်ငန်းရှင်ကလေးများ တင်သွင်းသည့် ငွေတောင်းခံလွှာများကို နဂိုကတည်းက ဖြတ်တောက်မှုတွေ အကြီးအကျယ် လုပ်နေပြီးသား ဖြစ်၏။ ယခု ငွေပေးချေခြင်း မပြုဖို့ပင် အမိန့်ထွက်လာပြန်ပြီ။ သည်တော့ အသေးစား လုပ်ငန်းရှင် ကလေးတွေ ဘာလုပ်ရမည်လဲ။ ဆောက်ကွက်ကို ကျောခိုင်းလိုက်မည်လား။ သို့မဟုတ် လုပ်ငန်းပြီးပြတ်သည်ထိ ဆက်လုပ်ပြီး ငွေစောင့်ယူမည်လား။ သူတို့ တော်တော်များများသည် မဖြစ်စလောက် အမြတ်ကလေးများ မျှော်ကိုးပြီး လုပ်နေကြသူတွေ ဖြစ်၏။ သူတို့ ကျောပေါ်မှာ ခွစီးထားသူများမှာ ဘဏ်မန်နေဂျာတွေ၊ သားသမီးတွေနှင့် အိမ်ပေါင်ချေးငွေတွေ။ သည်လို လူစားတွေအတွက် သူတို့မှာ ရွေးစရာ လမ်းမရှိ။ သူတို့သည် အမြဲလို ဆက်လက် လှုပ်ရှားနေကြရသည်သာ။

လုပ်ငန်းကြီးတစ်ခုလုံး ပြီးမြောက်သွားသောအခါ တစ်ဆင့်ခံ ကန်ထရိုက် အလုပ်များတွင် အပြစ်အနာအဆာတွေ ချွတ်ယွင်းချက်တွေ ထပ်ရှာဖို့ ဖရင့်က သူ့လူတွေကို ညွှန်ကြားသည်။ ပြီးတော့ ကျသင့်ငွေ၏ မဖြစ်လောက်သော ငွေပမာဏကိုသာ ပေးချေဖို့ အမိန့်ပေးထားသည်။ တစ်ဆင့်ခံ ကန်ထရိုက်တာကလေးတွေ ဒေါသအမျက် ခြောင်းခြောင်း ထွက်ကြသည်။ တချို့က ခွင့်တစ်ရက်ယူပြီး ရှေ့နေနှင့် သွားတွေ့သည်။ တိုင်ပင်သည်။ သို့သော် ရှေ့နေက ချွတ်ယွင်းချက် စာရင်းရှည်ကြီးကို

mgyoe.com

mgyoe.com


ကြည့်သည်။ ပြီးတော့ ကန်ထရိုက်ရထားသည့် ကုမ္ပဏီကြီးကို ကြည့်သည်။ ထို့နောက် လုပ်ငန်းရှင်ကလေးများအနေဖြင့် တရားတပေါင် ရင်မဆိုင်သင့်ကြောင်း ရှေ့နေက အကြံပေး တိုက်တွန်းလိုက်လေသည်။

ထိုနယ်မြေတစ်ဝိုက်ရှိ အိမ်တွေမှာတော့ လူတွေသည် ထိုလအတွက် အိမ်ပေါင်ချေးငွေ ဘာကြောင့် မဆပ်နိုင်ကြောင်း သူတို့၏ အိမ်သူသက်ထားများကို ရှင်းပြနေကြရသည်။ သီတင်းပတ် ခြောက်ပတ်ကြာသောအခါ ကုမ္ပဏီပေါက်စကလေးများသည် သူတို့ဆန္ဒအရ ဖျက်သိမ်းလိုက်ကြလေသည်။ ပင်မဆောက်လုပ်ရေး ကုမ္ပဏီကြီးက ကုန်ကျစရိတ် အမှန်၏ မဖြစ်စလောက် ငွေပမာဏသာ ပေးချေဖို့ ညှိနှိုင်း သဘောတူခဲ့လေသည်။

ဤဇာတ်ညွှန်းတွင် ပါရှိသည့် ကြေကွဲစရာ အပိုင်းသည် သီတင်းတစ်ပတ်အတွင်း တစ်နည်းမဟုတ် တစ်နည်းဖြင့် ဖြစ်ပေါ်နေခြင်း ဖြစ်၏။ နောက်ပြီး အမှန်တကယ် ကြေကွဲစရာကောင်းသည်ကတော့ ကုမ္ပဏီတချို့တွင် ဤဖြစ်စဉ်သည် ဘဝနေနည်းတစ်ခု ဖြစ်လာခြင်းပင်။

သို့သော်...

သည်ဇာတ်လမ်းတွင် လှည့်ကွက်ကလေးတစ်ခု ပါနေသည်။ သတင်းတွေ ထွက်လာသည်မှာ ဖရင့် အလုပ်ဖြုတ်ခံလိုက်ရသည် ဟူ၏။ ငွေတောင်းခံလွှာ တချို့မှာ စာရင်းရှင်းလို့ မရတာတော့ သေချာသည်။ ဖရင့်သည် တချို့ ကန်ထရိုက်တာကလေးများထံမှ လာဘ်စားခဲ့သည်ဟု အစွပ်စွဲခံရသည်။ ဖရင့်က သူ့မှာ အပြစ်မရှိ ကြောင်း ကန့်ကွက်ခဲ့သည်။ အမှန်အတိုင်း ပြောရလျှင် သူ့တွင် အပြစ်ရှိကောင်းမှ ရှိမည်။ သို့သော် ဖရင့်သည် သူ့တစ်သက်လုံး အခြားသူများအား အရေခွံဆုတ်ခဲ့သူ။ နောက်ပြီး သူလို မန်နေဂျာမျိုးက “လက်တစ်ကမ်းထက် ဝေးတဲ့နေရာမှာ ထားဖို့ စိတ်မချရ” သည့် လူစားမျိုး မဟုတ်လား။ အစိုးရက ဖွင့်လှစ်ထား

mgyoe.com

mgyoe.com


သော အလုပ်လက်မဲ့များ ထောက်ပံ့ကြေးရုံးသို့ ဖရင့် ရောက်သွားသည့် ပထမဆုံးနေ့က သူသည် ကလိုက်(ဖ်)ဟဲရီး(စ်)နှင့် ပက်ပင်းတိုးခဲ့၏။ ဖရင့်က ကလိုက်(ဖ်) ဟဲရီး(စ်)ကို လွန်ခဲ့သည့် သုံးနှစ်ခန့်ကတည်းက အလုပ် လက်မဲ့ဖြစ်အောင် "နှိပ်" ခဲ့သည်လေ။

သည်ရက်များအတွင်းမှာတော့ ဖရင့်သည် အပြင်သို့ သိပ်မထွက်လှချေ။ အမေရိကန် အမှုဆောင် အရာရှိချုပ် ထောက်ခံမဲပေးသည့် ထိပ်တန်းအရည်အချင်းတွေထဲတွင် "ဖြောင့်မတ်တည်ကြည်မှု" နှင့် "သစ္စာ" တို့ ဆက်စပ်ပါဝင်နေသည်ကို ကျွန်တော် သဘောကျသည်။ အကျင့်စရိုက်ကောင်းဖို့ မကြာမကြာဆိုသလို သစ္စာလိုအပ်ပါသည်။ မိမိ၏ နောက်ကျောကို ကာကွယ်ဖို့ အားစိုက်လိုသည့် ဆန္ဒနှင့် အခြားသူများအပေါ် အပြစ်ပုံချလိုသည့် ဆန္ဒသည် ကျွန်တော်တို့အားလုံးမှာ မွေးကတည်းက ပါလာ၏။ သည်တော့ အကျင့်စရိုက် ထိန်းသိမ်းဖို့ အတွက် ကျွန်တော်တို့ မကြာခဏ အနစ်နာခံ စွန့်လွှတ်မှုများ ပြုရတတ်၏။ အဓိပ္ပာယ်ကတော့ သင် မှားသွားလျှင် သင့်ဘာသာ ခံရပါမည်။ သင့်ရဲဘော်ရဲဘက် တစ်ဦးအပေါ် အပြစ်ပုံချလို့ မရ။ အဓိပ္ပာယ်ကတော့ သင့်ထံ အလုပ်အပ်သူအား ကန်ထရိုက်စာချုပ်သည် စာတိုက်မှာ ကြာနေကြောင်း ပြောလို့ မရ။ ထို့အတူ သင့်အကြွေးရှင်အား ချက်လက်မှတ် ပို့ထားပြီဖြစ်ကြောင်း ပြောလို့ မဖြစ်။ ဘာကြောင့်ဆို ပထမလူက ကန်ထရိုက် စာချုပ်ပါ အချက်အလက်များကို စစ်ဆေးပြုပြင်ဖို့ စောင့်နေသောကြောင့်။ ထို့အတူ ဒုတိယလူက သူ့လုပ်ငန်းငွေ လည်ပတ်ရေး အတွက် ငွေထုတ်ယူဖို့ စောင့်နေသောကြောင့် ဖြစ်ပါသည်။

တကယ်တော့ သင်သည် အလွန် ရိုးသားစွာဖြင့် မှန်ရာအတိုင်း ပြောလိုက်ခြင်း ဖြစ်၏။ သင့်ဘဝ ပိုမို အဆင်ပြေချောမွေ့မည်ဆိုသော အခါမျိုး၊ နောက်ပြီး သင့်ဘက်က အနစ်နာခံ စွန့်လွှတ်ရမည်ဆိုသော

mgyoe.com

mgyoe.com


အခါမျိုးတွင် သင် ထိုသို့ အမှန်အတိုင်း ပြောရ၏။ ထို့ပြင် သင် ပြောလိုက်သည့် 'စေတနာမှသား' က ဘယ်သူ့ကိုမှ မထိခိုက်မနစ်နာစေဘူး ဆိုလျှင် ထိုစကားမျိုး သင် ပြောရ၏။

"ဘော်ဒီရှော့(ပ်) (Body Shop)" ကို စတင်တည်ထောင်ခဲ့သည့် "အင်နီတာရော့ဒစ်"က အောက်ပါအတိုင်း ရေးသားခဲ့သည်။

> *ကျွန်မသည် ယနေ့ထက်တိုင် ခေတ်သစ် "ကွိတ်ကား(စ်)" (Quakers) များကို ရှာဖွေနေဆဲ ဖြစ်ပါသည်။ "ကွိတ်ကား(စ်)" များက အောင်မြင်သော စီးပွားရေး လုပ်ငန်းများကို ဦးစီးခဲ့၏။ ဝင်ငွေကောင်းကောင်းရအောင် ရှာနိုင်ခဲ့၏။ အဘယ်ကြောင့်ဆိုသော် သူတို့က မှန်ကန်သော ကုန်ပစ္စည်းများ ထုတ်ပေးပြီး သူတို့ လူများကို တန်းထားပြီး ဆက်ဆံတတ်သောကြောင့် ဖြစ်၏။ သူတို့ကိုယ်တိုင် လက်ကြောတင်းတင်း အလုပ်လုပ်သောကြောင့် မှန်ကန်စွာ သုံးစွဲသောကြောင့်၊ မှန်ကန်စွာ စုဆောင်းသောကြောင့် သူတို့၏ ငွေကို မှန်ကန်စွာ တန်ဖိုးဖြတ်သောကြောင့်၊ သူတို့ ထုတ်ယူသည်ထက် ပိုပြီး ပြန်လည်ရင်းနှီးသောကြောင့်၊ နောက်ပြီး လိမ်ညာစကားများ မပြောသောကြောင့် ဖြစ်ပါသည်။*

ကွိတ်ကား(စ်)အဖွဲ့က ယုံကြည် စွဲမှတ်ထားသည်မှာ သင်သည် အောင်မြင်မှုထက် အကျင့်စရိုက်ကို အဓိကထားပြီး နေထိုင်သောအခါ လူတွေက သင့်အား ယုံကြည်စိတ်ချလာသည် ဟူ၏။ သင့်အထက် လူကြီးတွေ၊ သင့်အလုပ်ရှင်တွေက သင့်အား ယုံကြည်အားထားလာသလို သင့်လက်အောက်ငယ်သား၊ သင့်အမှုထမ်းများကလည်း သင့်အား ယုံကြည်စိတ်ချလာလိမ့်မည်။ ရေရှည်တွင် ယုံကြည်စိတ်ချမှုက ကောင်းကျိုးပေးပါလိမ့်မည်။ သင် ရရှိခံစားရသည့် အကျိုးအမြတ် ပမာဏသည်

mgyoe.com

mgyoe.com


အခြားသူများအား ကြိုးကိုင်ခြယ်လှယ်ပြီး၊ လိမ်ညာပြီး၊ ခေါင်းတုံးပေါ် ထိပ်ကွက်ပြီးရသော အကျိုးအမြတ် ပမာဏလောက် ကြီးမားချင်မှ ကြီးမားပါမည်။ သို့သော် ယုံကြည်လေးစားမှုကြောင့်ရသော အကျိုးအမြတ်များက ပိုပြီး ဂုဏ်ရှိပါသည်။ ပိုပြီး အနှစ်သာရ ပြည့်ပါသည်။

နောက်ပြီး ဖရင့်လိုမဟုတ်ဘဲ သင်သည် ပြင်ပကမ္ဘာထဲ ထွက်ပြီး လှူတောသူတော တိုးနေနိုင်ပါလိမ့်မည်။

* * *

mgyoe.com

mgyoe.com

## ပြန်လှန်ဆွေးနွေးချက် အကျဉ်းချုပ်

သင် လုပ်ဆောင်သော အလုပ်က ထူးခြားမှုတစ်ခု ဖြစ်စေသည်ဟု ယုံကြည်ထားပါ။

- သင့်ကုမ္ပဏီသည် မူလကရှိခဲ့သည့် ဂုဏ်သိက္ခာကို ပြန်လည်ဖော်ထုတ်ဖို့ လိုအပ်နေသလား။
- သင် တစ်ခုခု လုပ်ဆောင်တိုင်း သင် ဘယ်လိုလုပ်သည်၊ ဘာကြောင့်လုပ်သည် ဆိုတာကို သင့်အဖွဲ့အစည်းမှာရှိသည့် အငယ်ဆုံး ဝန်ထမ်းတစ်ဦး နားလည် သဘောပေါက်သလား။
- သင် လုပ်ဆောင်သည့်အလုပ်၏ တန်ဖိုးကို သင့်ဝန်ထမ်းများအကြား ပြန့်သွားအောင် ဘယ်လို ဆက်သွယ်ရှင်းပြမည်လဲ။

  *"ခေါက်စားပွဲမျက်နှာပြင်ပေါ်မှာ ကော်ဖီဖိတ်ကျလို့ စွန်းထင်းနေတဲ့ အစွန်းအထင်းတွေက ကျုပ်တို့ရဲ့ လေယာဉ်စက်တွေကို ဂရုတစိုက် မထိန်းသိမ်း မပြုပြင်ဘူးလို့ ခရီးသည်တွေကို ပြောပြနေတာနဲ့ အတူတူပဲ"*
- သင့်အဖွဲ့အစည်းတွင် "ကော်ဖီ အစွန်းအထင်း" နှင့် တူညီသောအရာ ဘာတွေရှိသလဲ။

mgyoe.com

mgyoe.com


– ကုမ္ပဏီတစ်ခု၏ ကြေညာစာတမ်း တစ်ခုကို နည်းယူဖို့ စဉ်းစားကြည့်ပါ။

ကုမ္ပဏီ ကြေညာစာတမ်း

၁။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကျွမ်းကျင်မှုများ၊ အရင်းအမြစ်များနှင့် အာရုံခံအမြင်ကို အသိုက်အပန်းတွင်းသို့ နှစ်စဉ်နှစ်တိုင်း ပြန်လည် ထည့်ဝင်မြှုပ်နှံမည်။

၂။ ကျွန်ုပ်တို့၏ လူများသည် သူတို့ လုပ်ဆောင်သည့် အလုပ်ကို တန်ဖိုးထား မြတ်နိုးစိတ် ဖွံ့ဖြိုးလာအောင် မွေးမြူပေးဖို့ ကျွန်ုပ်တို့ အားထုတ်မည်။

၃။ ကျွန်ုပ်တို့၏ အမှုထမ်းအားလုံးကို တစ်လေ့တည်းစီး ခရီးသည်များအဖြစ် သဘောထားမည်။ ကျွန်ုပ်တို့၏ လုပ်ပိုင်ခွင့်များက ခွင့်ပြုသလောက် ကျွန်ုပ်တို့ အမှုထမ်းများ၏ လုပ်ငန်းခွင် ပြင်ပဘဝများ စိုပြည်အောင် ကူညီထောက်ပံ့မည်။ "သင့် အိမ်ပြဿနာများကို ရုံးခန်းတံခါးဝမှာ ထားခဲ့" ဆိုသော စကားကို ပြောခြင်းသည် မိုက်မဲရာ ရောက်ကြောင်း ကျွန်ုပ်တို့ သဘောပေါက်သည်။

၄။ ကျွန်ုပ်တို့ အမှုထမ်းများ၏ ခွန်အားကို ဖော်ထုတ်ရန်နှင့် အသုံးချခွင့်ရအောင် ကျွန်ုပ်တို့ ကူညီမည်။ တစ်ခါတစ်ရံတွင် ထူးခြားသော ပါရမီများကို မထင်မှတ်သည့် နေရာများတွင် တွေ့ရတတ်ကြောင်း ကျွန်ုပ်တို့၏ မန်နေဂျာများအား မှာကြားထားမည်။

၅။ ကျွန်ုပ်တို့အား အလုပ်အပ်သူများ၊ ကျွန်ုပ်တို့၏ အမှုထမ်းများနှင့် ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက်များ၏ ဂုဏ်သိက္ခာ

mgyoe.com

mgyoe.com


ကို ရှေ့တန်းတင်၍ အလုပ်လုပ်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့ ကတိပြုသည်။

၆။ နေ့မအား၊ ညမအား အလုပ်လုပ်သည့် အလေ့အကျင့်ကို ကျွန်ုပ်တို့ သည်းခံလိမ့်မည် မဟုတ်။ ကျွန်ုပ်တို့ ပိုမို ကြိုးစားဖို့၊ ပိုမိုအချိန်ပေးဖို့ နောက်ပြီး ပိုမိုစူးစိုက်ဖို့ လိုသည့် အချိန်အခါများ ရှိလာပါလိမ့်မည်။ ထိုသို့သော အချိန်အခါများတွင် ကျွန်ုပ်တို့ တစ်ဦးချင်းသည် ပုဂ္ဂလိက ဘဝနှင့် မိသားစုဘဝတို့ကို စွန့်လွှတ်အနစ်နာခံကြလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ထား၏။ သို့သော် ထိုအလေ့အကျင့်ကို ဘဝနေမှုပုံစံဟု ကျွန်ုပ်တို့ လက်သင့်မခံ။

၇။ ယေဘုယျအားဖြင့် လူတွေသည် သူတို့၏ အလုပ်အကိုင်များကို စွန့်ခွာသွားခြင်း မဟုတ်၊ သူတို့၏ ကြီးကြပ်သူများကို စွန့်ခွာသွားခြင်းသာဖြစ်ကြောင်း ကျွန်ုပ်တို့ နှလုံးသွင်းထားနိုင်အောင် ကြိုးစားမည်။ လေးစားမှုနှင့် သစ္စာသိမှုကို လှုံ့ဆော်နှိုးဆွပေးသည့် မန်နေဂျာများ ရှာဖွေပြီး မွေးထုတ်ပေးမည်။

*တိုတိုပြောရလျှင် ကျွန်ုပ်တို့၏ ကုမ္ပဏီသည် အချိန်ကုန်ခံပြီး ဆက်ဆံရကျိုးနပ်သည့် ကုမ္ပဏီတစ်ခု ဖြစ်ရစေမည်။*

## ယုံကြည်အားထားမှုနှင့် ဖြောင့်မတ်တည်ကြည်မှု

- အချိန်ကာလ တစ်စုံတစ်ရာ အတိုင်းအတာအထိ ကြာမြင့်လာသောအခါ သင့်ကုမ္ပဏီ၏ လုပ်ဆောင်လည်ပတ်နည်းသည် ကုမ္ပဏီနှင့် ကုမ္ပဏီဝန်ထမ်းများ၏ ဖြောင့်မတ် တည်ကြည်မှုကို ထိခိုက်စေသလို ဖြစ်လာနိုင်သလား။

mgyoe.com

mgyoe.com


အကယ်၍ ထိုသို့ ဖြစ်နိုင်သည်ဆိုလျှင် စီမံခန့်ခွဲသူများနှင့် ဝန်ထမ်းများအကြား၊ ဝန်ထမ်းများနှင့် အလုပ်အပ်သူများ သို့မဟုတ် ဖောက်သည်များအကြား၊ ဝန်ထမ်းများနှင့် ပစ္စည်း ပေးသွင်းသူများအကြား ယုံကြည်အားထားမှု ပြန်လည် ဖော်ဆောင်ရန် ဆောင်ရွက်နည်းများ ရှိသလား။

– ရေရှည်အောင်မြင်သော ခေါင်းဆောင်များသည် သူတို့၏ ဆက်ဆံရေးကို...
  – သူတို့၏ အကျင့်စရိုက်နှင့် ပတ်သက်၍
  – သူတို့၏ လုပ်ရည်ကိုင်ရည်နှင့် ပတ်သက်၍

ယုံကြည်အားထားမှုအပေါ်တွင် အခြေပြုကြသည်။

ယုံကြည်အားထားမှု ရရှိလာအောင် အားထုတ်လုပ်ကိုင်ယူရသည်ဟု "စတီဖင်ကိုဗေး"က ပြောပါသည်။ ကျွန်တော်တို့ တစ်ဦးချင်းသည် အခြားသူတစ်ဦးနှင့် "ယုံကြည်မှုစာရင်း" ဖွင့်ထားသည် ဆို၏။ ကျွန်တော်တို့သည် မိမိ လုပ်ဆောင်မည်ဆိုတာကို လုပ်ဆောင်ခြင်းအားဖြင့် ကျွန်တော်တို့၏ စရိုက်များကို အပ်နှံသည်။ ကျွန်တော်တို့သည် မိမိ လုပ်ဆောင်သရွေ့ကို ပြောင်ပြောင်မြောက်မြောက် လုပ်ဆောင်ခြင်းအားဖြင့် ကျွန်တော်တို့၏ လုပ်ရည်ကိုင်ရည်များကို အပ်နှံသည်။ ကျွန်တော်တို့သည် ပြန်လည် ထုတ်ယူခြင်းများလည်း ရှိ၏။ စာရင်းထဲမှာ အပ်နှံထားတာထက် ပိုထုတ်ခြင်းများလည်း တစ်ခါတစ်ရံ တစ်ဖက်လူက "ပိတ်" ပစ်လိုက်သည့်အခါများ ရှိ၏။ တစ်နည်းဆိုရလျှင် သူတို့သည် ကျွန်တော်တို့အပေါ် ယုံကြည်အားထားမှု ကုန်ခန်းသွားပြီဆိုသည့် သဘောပင် ဖြစ်ပါသည်။

* * *

mgyoe.com

mgyoe.com


**အောက်တိုဘာလ ၂၃ ရက်၊ အင်္ဂါနေ့၊ ည ၁၀း၁၅**

တွမ်ဆိုတဲ့ ဆရာကြီးဟာ ငါ တွေ့ဖူးကြုံဖူးသမျှ လူတွေ ဘယ်သူနဲ့မှ မတူပါကလား။ ဒီလောက်မတူ တစ်မူခြားနားတာ ဘာကြောင့်ပါလိမ့်။ ဘာတွေကများ ဒီလောက် ထူးခြားနေစေပါလိမ့်။ ဂျက်ဟာ တွမ်ရဲ့အိမ်ရှိရာ တောင်ကုန်းကလေးပေါ် တက်သွားရင်း အတွေးနက်နေမိတယ်။ ဒီဆရာကြီး ဉာဏ်အမြော်အမြင် ကြီးတာတော့ အမှန်။ နောက်ပြီး အကြင်နာတရားရှိတာလည်း အသေအချာပင်။ သို့ပေမဲ့ ထူးခြားတာတော့ ထူးခြားတယ်။ တစ်ခုခုတော့ ထူးခြားနေတယ်။ အဘိုးကြီးက တံခါးဖွင့်ပေးပြီး သူ့ကို ကြိုဆိုနှုတ်ဆက်လိုက်တယ်။ အဲဒီအခါကျမှပဲ ဆရာကြီးရဲ့ ထူးခြားချက်ကို ဂျက် တွေ့မြင်လိုက်ရတော့တယ်။ တွမ်က သူ့ကို အထူး သီးသန့်မိတ်ဆွေ တစ်ယောက်လို ခံစားရစေတာကလား။ ဆရာကြီးဟာ သူ့အတွက်ပဲ အသက်ရှင်နေတဲ့ ပုံစံမျိုး။ ဆရာကြီးဟာ အချိန်အားလုံးကို သူ့အတွက်ပဲ ပေးထားတဲ့ ပုံစံမျိုးလေ။

ပါမောက္ခကြီးက အားပါးတရ ပြုံးလိုက်တယ်။ "တို့နှစ်ယောက် ကော်ဖီမသောက်ခင် မင်းကို မေးဖို့ မေးခွန်းတစ်ခု

mgyoe.com

ရှိသကွ။ "အောင်မြင်မှု အမြန်ဆုံးရနိုင်တဲ့ နည်းလမ်းက ဘာလဲ" တဲ့။

လူငယ်က မျက်နှာကို ရှုံ့မဲ့လိုက်တယ်။ သူ့ဦးနှောက်တွေ ကြည်လင်သွက်လက်လာအောင် ကဖင်းဓာတ် လိုအပ်နေတဲ့ သဘော။ "အလုပ်ကြိုးစားမှုလားဟင်" သူ့အဖြေ မမှန်မှန်းကို တွမ့်မျက်နှာကို ကြည့်လိုက်တာနဲ့ သိသာနေတယ်။ "မဆုတ်မနစ် ကြိုးစားအားထုတ်မှုကို ပြောတာလား" ဒါလည်း မှန်ပုံမရသေး ဘူး။

"သားရေ၊ အောင်မြင်မှု အမြန်ဆုံးရနိုင်တဲ့ နည်းလမ်းက မင်း ဘယ်ဘက်မှာ ထူးချွန်သလဲဆိုတာ ဖော်ထုတ်၊ ပြီးရင် မင်း ကို အဲဒီထူးချွန်မှုလုပ်ပြခွင့်ပြုမယ့် လူတစ်ယောက်ကို ရှာ။ အဲဒါ နောက်ထပ် ဥပဒေသ တစ်ခုပဲ"

❒

mgyoe.com

mgyoe.com

## ဥပဒေသ နံပါတ်သုံး
## သင့်စွမ်းရည်နှင့် ကိုက်ညီသည့် အလုပ်ကိုလုပ်၊ သင့်ဇကို ဖော်ထုတ်

သင့်စွမ်းရည်နှင့် ကိုက်ညီသည့် အလုပ်ကိုလုပ်၊ သင့် ဇကို ဖော်ထုတ်

ကျွန်တော်တို့ အများစုသည် "ဂျော့အော်ဝဲ(လ်)"၏ *ခြေလေး ချောင်း တော်လှန်ရေး* စာအုပ်ကို ဖတ်ဖူးကြပါသည်။ သို့သော် သင် မေ့သလိုလို ဖြစ်နေလျှင် ၎င်းဇာတ်လမ်း ဘယ်လို အဆုံးသတ်သွား သလဲ ဆိုတာ ကျွန်တော် သတိ ဖော်ပေးပါရစေ။ တိုတိုနှင့် လိုရင်းကို ပြောရသော် မွေးမြူရေးခြံကြီး တစ်ခြံလုံးတွင် လူတွေ မရှိတော့။ သူတို့ကို ပထုတ်လိုက်ပြီ။ ခြံကြီးကို ဝက်တွေက လွှဲပြောင်း တာဝန်ယူလိုက်၏။ ခြံကြီးကို ဦးစီးဦးဆောင်ပြုနေသည်မှာ တိရစ္ဆာန်တွေ။ ယခု သင် အမှတ်ရ လာပြီဆိုလျှင် သင် အကြီးအကျယ် အံ့သြစရာ တစ်ခုကို သတိရပါလိမ့် မည်။ ဝက်တွေက ခြေနှစ်ချောင်းတည်းပေါ်မှာပဲ လမ်းလျှောက်တတ်နေ ခြင်း။ သူတို့က ယခု မွေးမြူရေးခြံအိမ်မှာ နေနေကြပြီ။

mgyoe.com

ဒါလောက် ဘာဟုတ်သေးလဲ။ ပို၍ ဆိုးသည်မှာ ငင်းမွေးမြူရေး ခြံကို ဦးစီးခဲ့သည့် ခြံရှင်ကြီးလိုပင် ယခု ဝက်တွေကလည်း ဖိနှိပ်ချုပ်ချယ်သည်။ နောက်ပြီး ခေါင်းပုံဖြတ်သည်။ သို့သော် ထိုဇာတ်လမ်းတွင် ဂျော့အော်ဝဲ(လ်) အဖြေပေးမသွားသည့် ကြီးကြီးကျယ်ကျယ် မေးခွန်းတစ်ခု ရှိသည်။ ဝက်တွေ ဦးစီးသော အောင်မြင်သည့် ခြံကိုရော မအောင်မြင်သည့် ခြံကိုပါ ကျွန်တော်တို့ မမြင်ဖူး၊ မတွေ့ဖူး ဟူသော အဆိုအပေါ် အခြေပြုပြီး ဖြေရမည့် မေးခွန်းမှာ သူတို့ ဘာဖြစ်သွားကြသလဲ ဟူ၏။

ဖြစ်ရပ်မှန်မှာ ခြံကြီးတစ်ခြံလုံးကို သူတို့ ဖျက်ဆီးပစ်လိုက်ကြခြင်းဖြစ်၏။ မထင်မှတ်လောက်အောင် မြန်ဆန်သော အချိန်အတွင်း ဖျက်ဆီးပစ်လိုက်ကြခြင်းပါ။ သူတို့က အတော်ဆုံး အတိုင်ပင်ခံ အရာရှိများ ငှားခဲ့သည်။ နောက်ဆုံးပေါ် နည်းပညာသုံး ပစ္စည်းကိရိယာများ အသုံးပြုခဲ့၏။ နောက်ပြီး သူတို့လုပ်ငန်း၏ အမြတ်အစွန်းတွေထဲမှ အရိုးအရင်းကလေး ကိုက်ခွင့်ရရေးကို "ဝါရင် ဘတ်ဖတ်" လို လူစားမျိုးကပင် သွားရည်တမျှားမျှား ဖြစ်နေလောက်သည့် မဟာလုပ်ငန်း စီမံကိန်းကြီး ဆွဲထားခဲ့၏။ သို့သော် သူတို့ အရှုံးကြီး ရှုံးသွားသည်။

ဘာ့ကြောင့်လဲ။

အင်း...ဘာကြောင့်လဲဆိုသည့် အကြောင်းရင်းကို ရှာကြည့်ဖို့ သူတို့ ကုမ္ပဏီဘုတ်အဖွဲ့ အစည်းအဝေး တစ်ခုကို ဝင်ကြည့်ကြရအောင်။ ထိုနေ့ကား ၁၉၅၃ ခုနှစ် ဇွန်လ ၅ ရက်။ အစည်းအဝေး စားပွဲပတ်လည်တွင် ဝက် ၁၂ ကောင် ဝိုင်းထိုင်နေသည်။ သူတို့၏ ခြေထောက်တွေနှင့် လက်တွေက ဝက်သစ်ချသား ကုလားထိုင်များနှင့် စားပွဲပေါ်မှာ။ သူတို့က ဟာဗားနား ဆေးပြင်းလိပ်များ ဖွာပြီး တဟွတ်ဟွတ် ချောင်းဆိုးနေကြသည်။ အမှုဆောင် အရာရှိချုပ် ဖရင့်ထရော့တာက စကားပြောနေသည်။

"အခု အစီအစဉ် နံပါတ်ခြောက်ကို ကြည့်၊ ကြော်ငြာကိစ္စ။ ဧရာမ သစ်ပင်ကြီးရဲ့ ထိပ်ဖျားမှာ ကျုပ်တို့ခြံကြီးရဲ့ ကြော်ငြာဆိုင်း ဘုတ်ကြီး

mgyoe.com